EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၁၉) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဇွန် ၈ - ဇွန် ၁၄၊ ၂၀၁၈)



ကျောင်းနေအရွယ် စစ်ရှောင်ကလေးများ

ဓါတ်ပုံ – စည်သူ (မြစ်ကြီးနား)

## တန်ဖရဲကက်သလစ်ဘုရားကျောင်းတွင် ခိုလှုံနေသည့် စစ်ဘေးရှောင်ကလေးများ တက်ရန် ကျောင်းဆောင်မရှိသေး

စာ - ၂ သို့ »



## ကချင်ပြည်နယ်တွင် အမှတ်အများဆုံး ဘာသာစုံ ဂုဏ်ထူးရှင်နှင့်တွေ့ဆုံခြင်း

စာ - ၁၈/၁၉ သို့ »

## ရွှေတစ်ပိဿာခွဲကျော်ကို ပြန်မယူဘဲ အမှုမှန်ဖော်ထုတ်ပေးဖို့ ပြောလိုက်တဲ့ ဒူကထောင်ကရွှေပိုင်ရှင်

စာ - ၄ သို့ »

## ဖားကန့်လောင်းကစားဝိုင်းများ ညအချိန်ပြုလုပ်၍ ဖမ်းဆီးရန်အခက်တွေ့ဟု မြို့နယ်အုပ်ချုပ်ရေးမှူးပြော

စာ - ၁၃ သို့ »

## ပြည်နယ်အတွက် လိုအပ်သည့် ခန့်မှန်းအသုံးစရိတ်လိုငွေကို ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထား

စာ - ၃ သို့ »



## လွှတ်တော်ကိုယ်စားလှယ်များ အမေးနှင့် ပြည်နယ်ဝန်ကြီးများရဲ့အဖြေ

စာ - ၁၆ သို့ »



## စစ်ရှောင်ပြည်သူများက တိကျခိုင်လုံသည့် အာမခံချက်ရှိမှ နေရပ်ပြန်နိုင်မည်

စာ - ၁၀ သို့ »

## အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သက်ပြီး တပ်မတော်ဘက်က လူသိရှင်ကြားပြောခဲ့သလို သမ္မတဘက်ကလည်း ပြောကြားသင့်ဟု ဒေါက်တာတူးဂျာသုံးသပ်

စာ - ၄ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၈ - ဇွန် ၁၄ ၊ ၂၀၁၈ )

# တန်ဖရဲကက်သလစ်ဘုရားကျောင်းတွင် ခိုလှုံနေသည့် စစ်ဘေးရှောင်ကလေးများတက်ရန် ကျောင်းဆောင်မရှိသေး

မြစ်ကြီးနား၊ ဇွန် ၁

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဇွန်လ ၁ ရက်တွင် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ခဲ့သော်လည်း မြစ်ကြီးနားမြို့နယ် တန်ဖရဲကက်သလစ် စစ်ရှောင်စခန်းမှ ကျောင်းသားများမှာ ကျောင်းမတက်နိုင်ကြသေးကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထိုစစ်ရှောင်စခန်းတွင် ကျောင်းတက်မည့် ကျောင်းသားများနှင့်သင်ကြားပေးမည့် ဆရာမများ ရှိနေသော်လည်း စာသင်ဆောင်များမရှိသေး၍ သင်ကြားနိုင်မှုမရှိခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်ပညာရေးမှူးရုံး အနေဖြင့် ထိုစစ်ဘေးရှောင်စခန်းများမှ ကျောင်းသားများ အမြန်ဆုံးကျောင်းတက်နိုင်ရန် ယာယီကျောင်းဆောင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။


မြစ်ဆုံ တန်ဖဲ ကျေးရွာရှိ ကက်သလစ်ဘုရားကျောင်းတွင် စစ်ရှောင်များ တိမ်းရှောင်လာစဉ် ဓါတ်ပုံ- Salai

"ဒီနေရာမှာ အဓိကက အဆောင်ပဲ။ အဆောင်မြေနေရာအတွက် ဘုန်းတော်ကြီးနဲ့ ဆရာတို့ပေါင်းပြီးမှ ရွာပိုင်မြေနေရာကို ခြံခုတ်ထားပြီ။ အကုန်လုံးလည်းရှင်းပြီးပြီ။ အဲလို ရှင်းပြီးပေမယ့် ဘုန်းတော်ကြီးနဲ့ဆရာတို့ ခေါင်းခဲတာက အဆောက်အဦတည်ဆောက်ဖို့အတွက်ပဲ။ ယူနီဆက်ဖ်က လည်း ယာယီကျောင်းတန်းလျားလေး ဆောက်လှူမယ်လို့ ပြောထားတယ်။ ဆရာတို့က တော့ ကျောင်းအတွက် ဘယ်သူလှူလှူ၊ နောက်ဆုံး အင်န်ဘန်လ လှူလည်း လက်ခံတယ်"ဟု ဦးမင်းဦးက ပြောသည်။

ယခုလက်ရှိအချိန်တွင် ကျောင်းတက်ရန်အတွက် စစ်ဘေးရှောင်စခန်းများမှ ကောက်ယူထားသော ကျောင်းသားအရေအတွက်မှာ ၄၇၀၀ ကျော်ရှိပြီး မြစ်ဆုံ - တန်ဖဲ ကက်သလစ် စစ်ရှောင်စခန်းတွင် KG တန်းမှ အဋ္ဌမတန်းအထိ ကျောင်းတက်မည့်ကျောင်းသားစုစုပေါင်း ၃၁၁ ယောက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် ယာယီကျောင်းဖွင့်ရန် လုပ်ဆောင်နေသော်လည်း သွားရောက်သင်ကြားပေးမည့် ဆရာမများနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှု မရှိသေးဟုလည်း ဦးမင်းဦးက ဆက်လက် ပြောကြားသည်။

"ဒီမှာက ကျောင်းသားသုံးရာကျော်ကို ဆရာမက ငါးယောက်ပဲ။ ဒါကြောင့် နောက်ထပ် ချောဆွဲထားတယ်။ ဆရာတို့ရုံးဌာနဆိုဒ်က ဆရာဆရာမတွေသွားကူညီဖို့ရှိတယ်။ ရုံးအကူတွေ ဘာတွေပေါ့။ လောလောဆယ် စခန်းမှာ ပြဿနာဖြစ်နေတဲ့အရာတစ်ခုက စာရေးပရိဘောဂလိုအပ်နေတာပါ၏။ ဘုရားကျောင်းထဲက မယ်တော်ရုပ်ရှိတဲ့ ဆုတောင်းခန်းက ကလေးတွေရဲ့စာရေးခုံတွေလုပ်ဖို့ ဘုန်းတော်ကြီးနဲ့ တိုင်ပင် ထားတယ်။ ဖာသာကလည်း ဘာမှမပြောဘူး၊ ခွင့်ပြုထားပေးပါတယ်"ဟု ဦးမင်းဦးက ပြောသည်။

လတ်တလောဖြစ်ပေါ်လာသော တိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့နယ်ဘက်သို့ ရောက်ရှိလာသော စစ်ရှောင်ကျောင်းသားများသည် ကျောင်းဖွင့်ချိန် ဇွန်လ ၁ ရက်နေ့အမီ ကျောင်းတက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း မေလ ၂၉ ရက်နေ့က ကျင်းပခဲ့သည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လူမှုရေးဝန်ကြီးက ပြောကြားထားသည်။

ဆိုင်း (ကချင်မြေ)

ရွှေကံဆင့်
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီ
ကချင်ပြည်နယ်အသက်မွေးဝမ်းကျောင်းအတတ်ပညာ (အထူး) သင်တန်း
၁။ ယာဉ်မောင်း/စက်ပြင် (အထူး) သင်တန်း
၂။ ကျောက်စိမ်းပယင်း၊ ကျောက်မျက် (အထူး) သင်တန်း
၃။ ရွှေ (အထူး) နှင့် စိန် (အထူး) သင်တန်း (ရွှေဆိုင်ဖွင့်လိုသူများအတွက်)
၄။ တရုတ်/အင်္ဂလိပ်/ဂျပန်စကားပြော (အထူး) သင်တန်း
ရပ်ဝေးသင်တန်းသား/သူများအား နေရေး/စာရေး စီစဉ်ပေးမည်။
ဆက်သွယ်ရန်လိပ်စာ..အမှတ်(၃၄၂)၊ ဌာန်းဝင်သာရပ်၊ ဌာန်းဝင်သာလမ်းမကြီးဘေး၊ လယ်တုန်းရဲတပ်ရင်းအနီး ရသာမွန်စားသောက်ဆိုင်နှင့်အားတူအလှပြင်ဆိုင်ဘေး၊ မြစ်ကြီးနား။
ဖုန်း၊ ၀၉-၇၈၄၉၆၆၃၇၀ ၀၉-၇၈၄၉၆၆၃၇၁

လူကြီးမင်းရဲ့ကုန်ပစ္စည်းများကို
တစ်နိုင်ငံလုံးထိုးဖောက်ချင်ပါသလား?
စျေးနှုန်းသက်သာစွာနဲ့ တစ်နိုင်ငံလုံးကို ပြန့်နှံ့နိုင်အောင်
မီဒီယာ ၉ ခုကိုပေါင်းစည်းထားတဲ့ဒေသဆုံမီဒီယာ
မှာ ကြော်ငြာလိုက်ပါ...
ဆက်သွယ်ရန် ဖုန်း - ၀၉၄၃၀၃၃၉၃၀၇
Email : jointadssell@gmail.com

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ ရန်ကုန်မှ နံနက် ၁၀:၀၀ နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ ရန်ကုန်မှ ညနေ ၄:၀၀ ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇) ၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲတွင် ကချင်ပါတီသုံးခုကိုယ်စား ဦးအောင်ခမ်းဝင်ရောက်ယှဉ်ပြိုင်မည်



ဦး ခက်ထိန်နန်၊ ဒေါက်တာ တူးဂျာ၊ ဦး အောင်ခမ်း

ဇွန် ၅

နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပေါင်းစည်းထားသည့် ကချင်နိုင်ငံရေးပါတီသုံးခုမှ ကချင်ဒီမိုကရက်တစ်ပါတီ(KDP)ဥက္ကဋ္ဌ ဦးအောင်ခမ်း(ခ)ဦးအောင်ဝါဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ ကချင်နိုင်ငံရေးပါတီများပေါင်းစည်းရေးတွင် ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ(KSDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(မနော တိုင်ပါတီ) စသည့်သုံးပါတီတို့၏ ကိုယ်စားဦးအောင်ခမ်း ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားခြင်းဖြစ်သည်။

၎င်းတို့ ၃ ပါတီသည် ပါတီပေါင်းစည်းရေးအတွက် သဘောတူညီမှုများ ရရှိထားပြီး ပါတီအသစ်၏နာမည်၊ အလံတို့ကို ရွေးချယ်ထားပြီးလည်း ဖြစ်ကာ အမည်ကို Kachin State People's Party(KSPP) (ကချင်ပြည်နယ် ပြည်သူ့ပါတီ)ဟုပေးရန် ကနဦးသဘောတူညီထားကြောင်း သိရသည်။

ပါတီတရားဝင်ဖြစ်ရေးအတွက် ဇွန်လကုန်ပိုင်းမှ ရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်မည်ဖြစ်သည့်အတွက် ယှဉ်ပြိုင်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ဦးအောင်ခမ်း၏ မိခင်ပါတီအမည်ဖြင့်သာ ဝင်ယှဉ်ပြိုင်ရန် သဘောတူညီထားသည်ဟုလည်းကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP) ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

"သုံးပါတီကိုယ်စား ဝင်ပြိုင်မယ်။ နောက်ပိုင်းကျတော့ KSPP ကိုယ်စားဖြစ်မှာပေါ့။ ခုပေါင်းစည်းထားတဲ့ ပါတီအသစ်က မှတ်ပုံတင်မရသေးတော့ ပူးပေါင်းပါတီအနေနဲ့ပေါ့ မှတ်ပုံတင်ရအောင်တော့ ဆက်လုပ်ရမှာပေါ့။ အခုကတော့ သူ့မိခင်ပါတီ KDP အနေနဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်မှာပါ" ဟု ဒေါက်တာတူးဂျာကပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်ရန်ရွေးချယ်ရာတွင် ပူးပေါင်းထားသည့် ၃ ပါတီအနေဖြင့် ကျား/မခွဲခြားခြင်းမျိုး မဟုတ်ကြောင်း၊ KDP အနေဖြင့်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် ဆန္ဒရှိခြင်းကြောင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်ဟုလည်း ၎င်းကထပ်မံပြောကြားသည်။

ဦးအောင်ခမ်းသည် လွန်ခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲကာလက ဆွမ်ပရာဘွမ်မြို့နယ်မှ လွှတ်တော်အမတ်နေရာအတွက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။

၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပမည့်နေ့ရက်အား ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ကချင်ပြည်နယ်အတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ မြစ်ကြီးနားမြို့နယ်တွင် လစ်လပ်နေသည့်အတွက် ပြန်လည်ရွေးချယ်ခြင်းဖြစ်သည်။

ယခင်က ယင်းနေရာတွင် မြစ်ကြီးနားတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ အငြိမ်းစားဌာနမှူး၊ ဆရာမကြီး ဒေါ်ရှီလာနန်တောင်က တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းသည် ဇန်နဝါရီ ၃၁ ရက်နေ့က နေပြည်တော်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

Salai

# ပြည်နယ်အတွက် လိုအပ်သည့် ခန့်မှန်းအသုံးစရိတ်လိုငွေကို ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထားဟုဆို

မြစ်ကြီးနား၊ ဇွန် ၄

ကချင်ပြည်နယ်တစ်ပြည်နယ်လုံး၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် အသုံးစရိတ်ခန့်မှန်းလိုငွေ ကျပ်ဘီလီယံ ၁၅၀ ကျော် (၁၅၈၂၈၂ ဒသမ ၅၆၀ သန်း)ကျော်ကို ထောက်ပံ့ကြေးငွေအဖြစ် ပေးအပ်ရန် ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

တစ်ပြည်နယ်လုံး၏ ရသုံးမှန်းခြေငွေစာရင်းကို ခန့်မှန်းတွက်ချက်ခဲ့ရာ စုစုပေါင်းရငွေ ၁၉ ဘီလီယံကျော် (၁၉၅၂၃ ဒသမ ၅၇၄)ဖြစ်ပြီး စုစုပေါင်းသုံးငွေမှာ ၁၇၇ ဘီလီယံကျော် (၁၇၇၈၀၆ ဒသမ ၁၃၄) ရှိခဲ့သဖြင့် အထက်ပါငွေကြေးအတိုင်း လိုငွေပြနေခြင်းဖြစ်ကြောင်းဘဏ္ဍာအခွန်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဟာက မူကြမ်းပဲတင်ရသေးတာ။ အဲဒီလောက်အထိလည်း ပေးချင်မှပေးမှာ။ ပြည်ထောင်စုလွှတ်တော်က အတည်မပြုရသေးဘူး။ ခွဲဝေသုံးစွဲလို့တော့ မရသေးဘူး။ တင်ပြတာပဲရှိသေးတယ်။ ဘယ်ဟာအတွက် ဘယ်လိုသုံးရမယ်ဆိုတာ အတည်မပြုသေးဘူး"ဟု ဦးဝေလင်းက ဆက်လက်ပြောသည်။

တောင်းခံထားသည့် ဘတ်ဂျက်ငွေများကို ဌာနဆိုင်ရာဝန်ထမ်းလစာများ၊ စက်ဆီချောဆီများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကသုံးစွဲသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

"အထွေထွေအသုံးစရိတ်တွေ နောက်ပြည်နယ်ဘတ်ဂျက်မှာ ပါဝင်တဲ့ဌာနတွေရဲ့ လိုအပ်တဲ့အရာတွေ၊ စက်ပစ္စည်း၊ ပရိဘောဂ ယန္တရားတွေပေါ့။ အဲဒီနေရာတွေမှာ သုံးမှာပါ။ အခုတင်ပြထားတာက ခန့်မှန်းတွေပါပဲ။ ဌာနတွေရဲ့ ဘတ်ဂျက်လျာထားချက်တွေကိုယူပြီး ရေးဆွဲတာပါ"ဟုလည်း ဦးဝေလင်းက ထပ်မံပြောသည်။

ယင်းတင်ပြချက်ကို ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် ကချင်ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက လာမည့်အောက်တိုဘာလမှစတင်သုံးစွဲသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သက်ပြီး တပ်မတော်ဘက်က လူသိရှင်ကြားပြောခဲ့သလို သမ္မတဘက်ကလည်း ပြောကြားသင့်ဟု ဒေါက်တာတူးဂျာသုံးသပ်

မြစ်ကြီးနား၊ ဇွန် ၄

ကချင်ပြည်နယ်အတွင်း တပ်မတော်မှ ထိုးစစ်ဆင်နေမှုများရပ်တန့်အောင် နိုင်ငံတော်သမ္မတအနေဖြင့် လူသိရှင်ကြား ပြောဆိုရန်လိုအပ်သည်ဟု KSDP ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက သုံးသပ်သည်။

လတ်တလော ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် တပ်မတော်၏ ထိုးစစ်ဆင်မှုများ ရပ်တန့်ပါဟု သမ္မတက ဥပဒေနဲ့အညီအမိန့်ပေးလာလျှင် တပ်မတော်ဘက်က လိုက်နာဆောင်ရွက်သွားမည်ဟု ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး ပြောကြားခဲ့သည့်အပေါ် ထိုသို့သုံးသပ်ပြောဆိုခြင်း ဖြစ်သည်။

"တပ်က လူသိရှင်ကြား ပြောပြီဆိုတော့ သမ္မတဘက်က ညွှန်ကြားလိုက်ရင်လုပ်မယ်လို့ ယုံကြည်တယ်။ တပ်က လူသိရှင်ကြားပြောနေပြီပဲ၊ သမ္မတကလည်း ပွင့်ပွင့်လင်းလင်း လူသိရှင်ကြား ထိုးစစ်ရပ်ပြီလို့ ပြောလိုက်ရင်သူတို့ ရပ်ရမှာ။ မရပ်လို့ရှိရင် သူတို့ကို လူမုန်းခံရမှာပေါ့"ဟု ဒေါက်တာတူးဂျာက ပြောသည်။

နေပြည်တော်တွင် မေလ ၂၉ ရက်ကကျင်းပခဲ့သည့်အစိုးရ၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့တပ်မတော်အနေနဲ့ကတော့ နိုင်ငံတော်ရဲ့ ဦးဆောင်မှုအောက်မှာပဲ ရှိပါတယ်။ နိုင်ငံတော်ရဲ့ ညွှန်ကြားချက်အတိုင်း သွားနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတက ဒီနိုင်ငံရဲ့အကြီး အကဲဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့အကြီးအကဲဖြစ်တဲ့အတွက်ကြောင့်မို့ သူကနေပြီးတော့ တရားဥပဒေနဲ့ ညီညွတ်တဲ့ အမိန့်ပေးလာမယ်ဆိုရင် ကျွန်တော်တို့လိုက်နာဆောင်ရွက်ဖို့ အသင့်ပါပဲ။ ဘာမှ မလိုက်နာ၊ မဆောင်ရွက်စရာ အကြောင်းမရှိပါဘူး"ဟု ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်က ကေအိုင်အေကို ထိုးစစ်ဆင်မှုများ မပြုလုပ်ရန် တပ်မတော်ကို အမိန့်ပေးခဲ့သဖြင့် ရပ်တန့်ခဲ့သလို လက်ရှိသမ္မတက အမိန့်ပေးလာလျှင်လည်း လိုက်နာဆောင်ရွက်သွားမည်ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) တတိယအကြိမ်အစည်းအဝေး ကျင်းပရန် နှောင့်နှေးနေခြင်းမှာလည်း တပ်မတော်ကြောင့် မဟုတ်ကြောင်းလည်း ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

"ငြိမ်းချမ်းရေးနှောင့်နှေးကြန့်ကြာနေရခြင်း အကြောင်းတရားသည် တပ်မတော်ကြောင့်မဟုတ်ပါဘူး၊ ဒီအပေါ်မှာမူတည်ပြီးတော့ သူတို့တွေက သူတို့ရရှိထားတဲ့အခွင့်အရေးတွေ၊ လက်နက်စွဲကိုင်ပြီး တောင်းဆိုချင်တဲ့အချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကြန့်ကြာနေရခြင်းဖြစ်တယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်"ဟု ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက ပြောသည်။

ယင်းကဲ့သို့ တပ်မတော်ဘက်မှ ပွင့်လင်းမြင်သာပြောဆိုလာခြင်းအပေါ် နိုင်ငံတော်သမ္မတမှလည်း လူသိရှင်ကြားညွှန်ကြားရန်လိုအပ်ကြောင်း ပါတီဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများအဖွဲ့ဝင်လည်းဖြစ်သူ ဒေါက်တာတူးဂျာက ပြောဆိုခဲ့သည်။

"အခုချိန်ထိ ဘာမှမကြားရသေးဘူး. . . သမ္မတဘက်ကပြောတဲ့ဟာတွေ။ တိုက်ပွဲတွေကတော့ကြိုကြားကြိုကြားရှိနေသေးတယ်။ သမ္မတက လူသိရှင်ကြားပြောဖို့လိုတယ်။ လူသိရှင်ကြားပြောတာ အခုထိမကြားရသေးဘူး။ ကျွန်တော်ကတော့ တပ်ဘက်က ဒါကို ရင်ထဲမှာရှိလို့ပြောတဲ့စကားလို့ ယူဆတယ်။ တကယ်ဖြစ်လာမယ်လို့လည်း မျှော်လင့်တယ်။ သမ္မတကလည်း တိုက်ပွဲရပ်ဖို့ ညွှန်



ကြားရမယ်"ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဒေါက်တာတူးဂျာကတော့ ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး၏ ပြောဆိုချက်နှင့်ပတ်သက်၍ အစိုးရနှင့်တပ်မတော်အကြား တစ်ဘက်နှင့်တစ်ဘက် လွှဲချနေသည့် ပုံစံမဖြစ်စေလိုဘဲ သမ္မတဘက်က အမိန့်ပေးညွှန်ကြားလာလျှင် တပ်မတော်အနေဖြင့် အမှန်တကယ်နာခံရန်လိုအပ်ကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်များကို ငြိမ်းချမ်းရေးဆွေးနွေးသည့် လမ်းကြောင်းပေါ် ဆွဲခေါ်သင့်ကြောင်း သုံးသပ်သည်။

"တပ်ဘက်ကလည်းလုပ်ရမယ်။ အချင်းချင်းတွေ ဘော်လီဘော ပုတ်တဲ့ပုံစံမျိုးလည်းမဖြစ်စေချင်ဘူးလေ၊ ဒါတွေဟာ အရေးကြီးတဲ့ကဏ္ဍ ဖြစ်တယ်။ တိုက်ပွဲတွေရပ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲလမ်းကြောင်းတွေ အပေါ်အားလုံးသွားကြရမှာ၊ NCA လက်မှတ်ရေးထိုးလာအောင်လည်း လမ်းကြောင်းဖော်ပေးရမယ်" ဟု ၎င်းက ထပ်မံပြောဆိုခဲ့သည်။

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့သည် ၂၀၁၁ ခုနှစ်မှစတင်ကာ တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး ဇွန်လ ၉ ရက်နေ့တွင် ၇ နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူ တစ်သိန်းခွဲခန့်ရှိနေပြီး လတ်တလောဖြစ်ပွားသည့် တိုက်ပွဲများကြောင့် ပြည်သူ ၅၀၀၀ ကျော် ထပ်မံတိမ်းရှောင်ခဲ့ရသည်။

Salai

# ရွှေတစ်ပိဿာခွဲကျော်ကို ပြန်မယူဘဲ အမှုမှန်ဖော်ထုတ်ပေးဖို့ ပြောလိုက်တဲ့ ဒူကထောင်ကရွှေပိုင်ရှင်

မြစ်ကြီးနား၊ ဇွန် ၅

ရွှေတစ်ပိဿာကျော်နှင့် ငွေသားသိန်း ၉၀ ကျော်ဖောက်ထွင်းခိုးယူခံရမှုနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်ပေးမှုကို ရွှေပိုင်ရှင်ဖြစ်သူ ဦးဝင်းမိုးထွန်းက လက်မခံနိုင်ခဲ့ဘဲ ဥပဒေအတိုင်း အမှုမှန်ကိုအမြန်ဆုံး ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါအမှုသည် လွန်ခဲ့သည့် ၂၀၁၄ ခုနှစ် မေလက ဒူကထောင်ရပ်ကွက်ရှိ ၎င်း၏ နေအိမ်အတွင်း သိမ်းဆည်းထားသော ရွှေထည်ပစ္စည်းမျိုးစုံ တစ်ပိဿာနှင့် ၆၀ ကျပ်သားကျော်၊ ငွေသား ၉၅ သိန်းကျော်အား ဖောက်ထွင်းခိုးယူခံခဲ့ရသည့်အမှု ဖြစ်သည်။

"ကျွန်တော့်ရဲ့အမှုကို ရဲဝန်ထမ်းတွေကို အရေးယူဆောင်ရွက်မှုမဟုတ်ဘဲနဲ့ ဥပဒေအတိုင်းအမှုမှန်ကိုအမြန်ဆုံးဖော်ထုတ်ပေးစေချင်ပါတယ်။ သူတို့ကကျွန်တော့်ကို ရွှေနဲ့ငွေတွေ ပြန်ပေးမယ်ပြောတယ်။ ကျွန်တော် အဲဒီတိုင်းမလိုချင်တော့ဘူး။ အရင်ကပြောခဲ့ဖူးတယ်။ ကျွန်တော်အမှုဖွင့်အရေးယူမှုမလုပ်တော့ဘူး။ ရွှေနဲ့ငွေပြန်ပေးလို့ပြောတာ သူတို့ပြန်မပေးကြဘူး။ အခုမှ ပေးမယ်ဆိုတာ ကျွန်တော်လက်မခံနိုင်ဘူး"ဟု ဦးဝင်းမိုးထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး ဦးဝင်းမိုးထွန်းသည် ယခင်အစိုးရလက်ထက်ကတည်းက လွှတ်တော်ဥက္ကဋ္ဌ၊ပြည်နယ်ဝန်ကြီးချုပ်၊ ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တရားဥပဒေစိုးမိုးရေးကော်မတီတို့ကို စာတင်ခဲ့ဖူးသော်လည်း ဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအထိ စာတင်ပြမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ ၎င်းကျေနပ်လောက်သည့် အမှုစီမံမှုများမရှိခဲ့ဟု ဆိုသည်။

အဆိုပါအမှုကို ဒုတိယအကြိမ်စစ်သည့် ရဲမှုခင်းတပ်ဖွဲ့ ပြည်နယ်တာဝန်ခံ (CID) ဒုတိယရဲမှူးဌေးအောင် စစ်ဆေးစဉ်ကာလတွင် "ဂျက်ကြီး(သံသယတရားခံ) ဒီည ပစ္စည်းပြန်လာပေးလိမ့်မယ်၊ အိမ်မှာစောင့်နေပါ၊မပေးရင် ပြေးလိမ့်မယ်၊ ပြေးရင် မန္တလေးမကျော်စေရဘူး၊ ဒီ ၂ လမ်းပဲရှိတယ်"ဟုပြောဆို၍ စောင့်ဆိုင်းခဲ့သော်လည်း မရောက်ရှိခဲ့ကြောင်းဦးဝင်းမိုးထွန်းကပြောသည်။

ထိုသို့ စစ်ဆေးပေါ်ပေါက်ပြီးနောက် နောက်တစ်ရက်တွင် "ဂျက်ကြီးသည် သံသယရှိသူ ၅၀ ရာခိုင်နှုန်း၊ ဦးဝင်းမိုးထွန်းက ၁၀ ရာခိုင်နှုန်း၊ ၎င်း၏မိန်းမက ၁၀ ရာခိုင်နှုန်း၊ မိန်းမအမျိုးက ၁၀ ရာခိုင်နှုန်း၊ ကျွန်တော့်အမျိုးက ၁၀ ရာခိုင်နှုန်း၊ ကြားက ၁၀ ရာခိုင်နှုန်းလို့ပြောတယ်"ဟု ၎င်းကပြောသည်။

အဆိုပါအမှုကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ စစ်သည့် ရဲမှုခင်းတပ်ဖွဲ့ (CID) မှ ဒုရဲမှူးဌေးအောင်သည် မသင်္ကာသူက ဝန်ခံထွက်ဆိုခြင်းမရှိဘဲ ပစ္စည်းပြန်လာပေးလိမ့်မည်ဟုတရားလိုအားနှုတ်စောင့်စည်းမှုမရှိဘဲ ပြောဆိုခဲ့သဖြင့် ၎င်းကို နေပြည်တော်၊ အမှတ် ၁ မှုခင်းတပ်ဖွဲ့ခွဲသို့ ပြောင်းရွှေ့လိုက်ကြောင်း သိရသည်ဟုဦးဝင်းမိုးထွန်းကပြောသည်။

ထို့အပြင် ယင်းကော်မတီမှ မြစ်ကြီးနားမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းဝင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အမှုအား အမှုစစ်အဖြစ်ဆောင်ရွက်စဉ် ရဲလုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များရှိနေသဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ရဲတရားရုံးစစ်ဆေးပြီး အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက် ၂ နှစ်လျှော့ချသည့် ပြစ်ဒဏ်ကို ချမှတ်အရေးယူခံခဲ့ရကြောင်း သိရသည်။

"ကျွန်တော်အဲဒီတုန်းကဆိုရင် တရားခံကကျွန်တော်ရဲ့ကားသမားဟုတ်တယ်ဆိုပြီး သက်သေတွေနဲ့ အချက်အလက် အပြည့်အစုံတင်ပြတာကို သူတို့က တစ်ယောက်ပြီးတစ်ယောက်ပြောင်းစစ်ပြီး အမှုမှန်ကို မဖော်ပေးဘဲထားထားတာဟုတ်တယ်။ ဒီလောက်ခိုင်မာနေတဲ့ ကျွန်တော့်အမှုကိုတောင် မဖော်နိုင်ဘူးဆိုရင်ကတော့ KBZ ဘဏ်အမှုနဲ့တခြားအမှုတွေကတော့ ဘယ်တော့မှပေါ်မှာမဟုတ်တော့ဘူး"ဟု ဦးဝင်းမိုးထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မွန်းမွန်းပန်

# ပြည်နယ်အစိုးရဝန်ကြီးများ၏ ဖြေကြားချက်များက ယေဘုယျဆန်သည်ဟု ဖားကန့်လွှတ်တော်အမတ်ပြော



ဦး ဒါရှီ လဆိုင်း မေးခွန်းမေးနေစဉ်　　ဓါတ်ပုံ – စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနား၊ ဇွန် ၁

ဖားကန့်မြို့နယ်အတွင်း ဖြစ်ပျက်နေသော အဓိကအကြောင်းအရာတချို့တစ်ဝက်ကို သက်ဆိုင်ရာက ကူညီဖြေရှင်းပေးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၌ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းရာတွင် ပြန်လည်ဖြေကြားသည့် ဝန်ကြီးဌာနများက ယေဘုယျဆန်ဆန်ဖြေကြားခဲ့၍ အားရကျေနပ်မှုမရှိကြောင်း ဖားကန့်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်ဦးဒါရှီလဆိုင်းက ပြောကြားသည်။

ဦးဒါရှီလဆိုင်းက ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၎င်းမေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းခြောက်ခုအပေါ် ပြန်လည်ဖြေကြားမှုနှင့်ပတ်သက်ပြီး အားရကျေနပ်မှုမရှိကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ကိုယ့်ဘက်ကတော့ မေးခွန်းမေးတာ အားရတာပေါ့။ ဒါပေမယ့် ဝန်ကြီးတွေဖြေတဲ့အပေါ်မှာတော့ ကျေနပ်အားရမှုမရှိ သလောက်ပဲ။ ယေဘုယျဆန်ဆန်ပဲ ဖြေသွားတာကို တွေ့ရတယ်"ဟု ဦးဒါရှီလဆိုင်းက ပြောသည်။

"ဖားကန့်မြို့နယ်အတွင်း ဆောင်ရွက်နေသည့် လမ်းတံတားများသည် လက်ရှိဒေသအခြေအနေနှင့် ကိုက်ညီမှုမရှိခြင်း၊ တံတားများဆောက်လုပ်ရာတွင် တာရှည်ခိုင်ခန့်မှုမရှိခြင်းတို့ကြောင့် တံတားအချို့ကိုဖျက်ပြီး ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" "မြို့နယ်အတွင်းဖွဲ့စည်းထားသောမော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီ(ယကတ)ကို ပြန်လည်စိစစ်ပြီး အသစ်ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် "ကျောက်မျက်ရတနာတွင်းဝခွန် ကောက်ခံရေးအဖွဲ့ကို ဒေသခံများဖြင့်ဖွဲ့စည်းရန်အစီစဉ်ရှိ/မရှိ"တို့ကိုလွှတ်တော်ပထမနေ့က ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည်။

"လက်တွေ့ကွင်းမဆင်းဘဲ အချက်အလက် လှမ်းမေးပြီးတော့ အပေါ်ယံလောက်ပဲ ဖြေသွားတာပါ။ ဒီလိုမျိုးတွေဖြေတာက နိုင်ငံပုံရိပ်ကို ထိခိုက်ပါတယ်။ ကျွန်တော်တို့က ပြည်သူ့ကိုယ်စား တင်ပြရတာဖြစ်ပါတယ်။ လေးလေးနက်နက်လေး ဖြေပေးစေချင်ပါတယ်။" ဟု ဦးဒါရှီလဆိုင်းက ဆက်လက်ပြောသည်။

ထို့ပြင် အရေးကြီးမေးခွန်းတစ်ခုဖြစ်သော "ဖားကန့်မြို့နယ်အတွင်း ဖွင့်လှစ်နေသည့် တရားမဝင်လောင်းကစားလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ" "စွန့်ပစ်မြေစာပုံများကြောင့် မိုးအခါတွင် ရေကြီးရေလျှံမှုကို ဆိုးဆိုးဝါးဝါးခံရခြင်းကြောင့် ချောင်းရှင်းလင်းရေးကော်မတီနှင့် မြေစာပုံစောင့်ကြည့်စိစစ်ရေးကော်မတီကို စည်ပင်ကော်မတီကဲ့သို့ စနစ်တကျဖွဲ့စည်းရန်အစီအစဉ် ရှိမရှိ"နှင့် "ကချင်ပြည်နယ်အတွင်း နည်းပညာတက္ကသိုလ် BE နောက်ဆုံးနှစ် အောင်မြင်အောင်ဖြေဆိုမည့် ကျောင်းသူ/သားများ လက်တွေ့ကွင်းဆင်းချိန်တွင် အခက်အခဲမရှိအောင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းများကိုလည်း မေးမြန်းခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို မေလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိကျင်းပခဲ့ရာ အစည်းအဝေးကျင်းပသည့် ငါးရက်တာအတွင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းပေါင်း ၄၀ ကို မေးမြန်းခဲ့ပြီး တိုက်တွန်းကြောင်းအဆိုနှစ်ခုကို တင်သွင်းခဲ့ကြသည်။

စည်သူ(မြစ်ကြီးနား)







## Editorial
### အယ်ဒီတာ့အာဘော်

## သက်တမ်းရင့်လာနေသည့် တစ်ကျော့ပြန်တိုက်ပွဲများ

မနက်ဖြန်ဆိုလျှင် ကချင်ပြည်နယ်တွင်းက တစ်ကျော့ပြန် တိုက်ပွဲများ၏ သက်တမ်း ၇ နှစ်တင်းတင်း ပြည့်မြောက်ပါတော့မည်။ ၇နှစ်ဆိုသည့်အတိုင်းအတာက လူတစ်ဦး၊ မိသားစုတစ်စု၊ တိုင်းပြည်တစ်ပြည်ကို ကောင်းစွာပြောင်းလဲစေနိုင်သော ကာလဖြစ်သည်။ နှစ်ပေါင်း ၇၀ ခန့် အမြစ်တည်ခဲ့သည့် ပြည်တွင်းစစ်ကို ရင်တွင်းကအမြစ်မပါကျန် ဆွဲနုတ်ဖို့က ခက်ခဲလွန်းလို့နေသည်။

မြန်မာနိုင်ငံတိုင်းရင်းသားများအကြား ဟိုထောင့်ကတစ်မျိုး၊ သည်ထောင့်ကတစ်ဖ တိုက်ကွက်ဆင်ပြီး တိုင်းရင်းသားများ မခံမရပ်နိုင်အောင် လုပ်ဆောင်နေသော လုပ်ရပ်များဖြင့် ယှဉ်တွဲနေသည့် တစ်ဘက်က ငြိမ်းချမ်းရေးခရီးကလည်း ထင်သလောက် ခရီးပေါက်လှသည် မဟုတ်ခဲ့။

စစ်ပွဲများရပ်တန့်ရေး၊ စစ်မက်ဒေသတွေမှာ ပိတ်မိနေတဲ့ ပြည်သူတွေ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ဆန္ဒပြခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ လူငယ်များကို ဖမ်းဆီးအမှုဖွင့်ခဲ့သည့်လုပ်ရပ်များက တိုက်ပွဲရပ်မည်ကို မလိုလားသည့်အသွင်ကို ဆောင်နေပြီး တိုက်ပွဲဖြစ်ပွါးမှုများကို မသိကျိုးကျွံပြုခဲ့ခြင်းက အစိုးရနှင့်တပ်မတော်တို့ ပူးပေါင်းကာ ထိုးစစ်ဆင်နေသလို အထင်မှားစေခဲ့သည်။

အခုတစ်လောပွက်လောညံသွားသည့် ဒုက္ခသည်စခန်းများရှင်းလင်းရေးစီမံကိန်းက အစိုးရအပေါ် တိုင်းရင်းသားများ၏အကြည်အညို လျော့ပါးစေခဲ့သည်။ အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အများမြင်သာအောင် ချပြခြင်းလည်းမရှိ၊ ၎င်းတို့၏အစီအမံများကိုလည်း ခင်းကျင်းမပြပါဘဲ ခက်ခဲရှုတ်ထွေးလှသည့် ဒုက္ခသည်များအိမ်ပြန်ခရီးကို စီမံခန့်ခွဲရန်ကြိုးပမ်းခြင်းက အဆင့်ကျော်လွန်လွန်းလှသည်။

ဒုက္ခသည်များအနေဖြင့် အနှစ်နှစ်အလလ စုဆောင်းထားသည့် ပိုင်ဆိုင်မှုများ၊ ခိုင်းကျွဲ/နွားများကို စွန့်ပစ်ကာ ထွက်ပြေးတိမ်းရှောင်လာရသူများဖြစ်သည်ကို မေ့လျော့နေကြ၍တော့ မဟုတ်တန်ရာ။ နိုင်ငံရေး ပရိယာယ်အရ ဒုက္ခသည်များ၏ တုံ့ပြန်သံကို နားထောင်လိုခြင်းဖြစ်မည်။ တစ်ဘက်က လက်နက်ကိုင်များကို တပ်လှန့်လိုက်ရာလည်း ကျသည်။

အမှန်စင်စစ် နေရပ်ကိုစွန့်ပစ်ထားခဲ့သော ဒုက္ခသည်များ နေရပ်ကိုပြန်ရေးက ရှေ့မှာရှင်းလင်းရမည့် အခက်အခဲပြဿနာများ တန်းစီလို့နေသည်။ ၇ နှစ်တာအတွင်း စစ်တလင်းပြင်ဖြစ်ခဲ့သည့်နေရာသို့ ဘာမျှမပြင်မဆင်ဘဲ ပြန်လွှတ်မည်ဆိုလျှင် ဒုက္ခသည်အဖြစ်မှ ဒုက္ခိတအဖြစ်သို့ပို့ဆောင် လိုက်နိုင်သော မြေမြှုပ်မိုင်းများကို လျော့တွက်ထားလို့မရပါ။

တတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးရေးအတွက်ပင် ရက်သတ်မှတ်လို့မရနိုင်သေးသည့် အခြေအနေ၌ ဒုက္ခသည်များအိမ်ပြန်ရေးက စောလွန်းလှသည်။

ဒုတိယအကြိမ်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုရလဒ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးလမ်းကြီးအပေါ် လျှောက်လှမ်းလိုက်သောအရေးကြီးသည့် ခြေလှမ်းကြီးဖြစ်ကြောင်း နောက်ဆုံးနေ့က သုံးသပ်သွားခဲ့သော်လည်းထိုလမ်းမထက်မှာ ဆက်လက်လျှောက်လှမ်းခွင့်မရသည့် ခြေလှမ်းများက ခြောက်နှစ်သားတစ်ကျော့ပြန်စစ်ကို ၇ နှစ်သားအဖြစ် ပြုစုပျိုးထောင်ခဲ့လေပြီ။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(ဇွန် ၈ - ဇွန် ၁၄၊ ၂၀၁၈)

# ဆန္ဒပြဦးဆောင်သူ သုံးဦးအမှုကို ချေဖျက်ရန် ပြည်နယ်တရားလွှတ်တော်သို့တင်ပြ

မြစ်ကြီးနား၊ ဇွန် ၄


လွမ်းဇောင်း


နန်ပူ


ဇော်ဂျတ်

အသေရေဖျက်မှုဖြင့် တရားစွဲဆိုခံထားရသည့် ဆန္ဒပြဦးဆောင်သူ ၃ ဦး အမှုတွဲချေဖျက်ရန် လျှောက်ထားမှု ပြည်နယ်တရားလွှတ်တော်ကလက်ခံသည့်အတွက် ရုံးချိန်းထပ်မံရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ပိတ်မိပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြသူများကို ဦးဆောင်သူ ၃ ဦးကိုဇွန်လ ၄ ရက်နေ့တွင်စတုတ္ထအကြိမ်မြောက် ချိန်းဆိုထားရာ တရားလိုပြသက်သေ နှစ်ဦးကို စစ်ဆေးရန် ရုံးချိန်းခဲ့သော်လည်း ပြည်နယ်တရားလွှတ်တော်မှ အမှုတွဲချေဖျက်ရန် လျှောက်ထားမှု လက်ခံသည့်အတွက် နောက်တစ်ချိန်းပြန်လည်ချိန်းဆိုခဲ့ခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူကပြောသည်။

"တရားပြသက်သေတော့ လာတယ်ပေါ့နော်၊ ဒါပေမယ့် အပေါ်ရုံးကိုအမှုတွဲ စိစစ်ဖို့တင်ထားတယ်လေ။ ပြည်နယ်တရားလွှတ်တော်ကို အမှုတွဲချေဖျက်ဖို့တင်ထားတာ လက်ခံတဲ့အတွက် ဒီနေ့ ပြန်ချိန်းတယ်။ အမှုတွဲက အပေါ်ရုံးကို ပြောင်းသွားပြီဆိုတော့။ အပေါ်ရုံးရဲ့အမိန့်ကို နားထောင်ကြည့်ရဦးမှာပေါ့။ ဘယ်လိုချမလဲဆိုတာ နားထောင်ကြည့်ပြီးမှပဲ စစ်ဆိုရင်ပြန်စစ်ဆေးပေါ့။ အပေါ်ရုံးက အမှုတွဲချေဖျက်ဖို့ တင်ထားတာ လက်ခံတယ်" ဟု အကျိုးဆောင်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

၎င်းတို့သုံးဦးကို ဇွန်လ ၁၈ ရက်နေ့တွင် ဆက်လက်စစ်ဆေးရန် ပဉ္စမအကြိမ်မြောက် ရုံးချိန်း ထပ်မံချိန်းဆိုခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြဦးဆောင်သူ ၃ ဦးအနက် ကိုဇော်ဂျတ်နှင့် ဒေါ်နန်ပူကို ပိတ်မိပြည်သူများနှင့်ပတ်သက်၍ မေလ ၁ ရက်နေ့က မနောင်ကွင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုချက်များအရ စွဲဆိုထားခြင်းဖြစ်ပြီး ကိုလွမ်းဇောင်းကို ဆန္ဒထုတ်ဖော်သည့်အချိန်တွင်ပြောဆိုမှုများအရစွဲဆိုခြင်းဖြစ်သည်ဟု သိရသည်။

တရားစွဲဆိုခံထားရသူ ကိုဇော်ဂျတ်ကလည်း "မစစ်တော့ဘူး ရုံးချိန်းပဲယူလိုက်တယ်။ ကျွန်တော်တို့ အထက်ကို တင်ပြထားတာရှိတဲ့အတွက်ကြောင့် အပေါ်ရုံးက သူတို့ဆုံးဖြတ်ချက်ချမှပဲ ပြန်စစ်မယ်ထင်တယ်။ သူတို့ဘယ်လိုဆုံးဖြတ်ပေးမလဲတော့မသိဘူး သာမာန်ဆိုဒါကပလပ်သင့်တဲ့အမှုကိစ္စလို့မြင်တယ်" ဟု ပြောသည်။

တိုက်ပွဲများကြောင့် ပိတ်မိသော စစ်ရှောင်ပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြရာတွင် တပ်မတော်၏ အသရေပျက်အောင်ပြောဆိုခဲ့ကြသည်ဟုဆိုကာ ဦးဆောင်သူ ၃ ဦးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦးက အသရေဖျက်မှုရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

salai

# အင်ဂျန်းယန်မြို့နယ်မှ စစ်ဘေးရှောင် ကျောင်းသားများအတွက် ဆရာမအင်အား နှစ်နေရာခွဲ၍ တာဝန်ချခဲ့ဟုဆို

မြစ်ကြီးနား၊ ဇွန် ၄



တိုက်ပွဲများကြောင့် ရွာလုံးကျွတ်နီးပါး ထွက်ပြေးတိမ်းရှောင်လာကြသော အင်ဂျန်းယန်မြို့နယ် အင်ဂိုင်းကောင်နှင့် အင်လောက်ယန်ရွာတို့မှ မူလတန်းကျောင်းများတွင် ကျောင်းအပ်လက်ခံနိုင်ရေးနှင့် ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် အင်ဂျန်းယန်မြို့နယ်ပညာရေးမှူးက သက်ဆိုင်ရာကျောင်းဆရာ/မများကို စုစည်းကာ တာဝန်ကျဒေသသို့ပို့လွှတ်ထားကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးထံမှ သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ညွှန်ကြားချက်ဖြင့် ဆရာမများကိုစေလွှတ်ခဲ့ပြီး ဆရာမအင်အား ဆယ်ယောက်ရှိသည့်အနက် ငါးယောက်ကို အင်ဂျန်းယန်သို့စေလွှတ်ထားပြီး ကျန်ငါးယောက်ကို တန်ဖရဲသို့ ရောက်ရှိနေသည့် စစ်ရှောင်စခန်းမှ ကျောင်းသားများအား သင်ကြားရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

"အဲဒီမှာလည်း ကလေးတွေရှိနေသေးတယ်။ တက်သွားတဲ့ ရွာ၂ရွာကနေ တစ်ရွာတော့ ပြည်နယ်ကို သတင်းပို့လာခဲ့ပြီ။ အခုချိန်ထိကျောင်းလာတက်တဲ့ကလေးက ဆယ်ယောက်ပဲ ရှိသေးတယ်တဲ့။ ကျောင်းသားသုံးရာကျော်ရှိတဲ့နေရာမှာလည်း ဆရာမကငါးယောက်ပဲ၊ ကျောင်းသားဆယ်ယောက်ရှိတဲ့နေရာမှာလည်း ဆရာမကငါးယောက်ပဲ"ဟု ဆရာကြီးဦးမင်းဦးက ပြောသည်။

ထိုဆရာမငါးယောက်မှာ အင်ဂျန်းယန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ပိုင်၏ မေလ ၂၉ ရက်နေ့က ညွှန်ကြားချက်အရ တန်ဖရဲကက်သလစ်စစ်ရှောင်စခန်းမှ သက်ဆိုင်ရာကျောင်းများသို့ထွက်ခွာသွားခဲ့ကြသည်ဟု အင်ဂျန်းယန်မြို့နယ်ပညာရေးမှူး ဦးဆန်းထွေးထံမှ သိရသည်။

"သူတို့ရဲ့သဘောက ဆရာတွေရောက်ရင် ကျောင်းသားတွေစာလာသင်မယ်။ ကျောင်းသားတွေ စာသင်ရင် ရွာသားတွေပြန်လာကြမယ်။ သူတို့ကလည်း သူတို့အယူအဆနဲ့သူတို့၊ ဆရာတို့ပညာရေးကလည်း ဆရာတို့အယူအဆနဲ့ ဆရာတို့ရှိတယ်။ ဒါကတော့ လက်ရှိမှာ ဌာနချင်းတစ်ခုနဲ့တစ်ခုချိတ်ဆက်တာအားနည်းမှုလို့ပဲ ဆရာပြောချင်တယ်" ဟု ဆရာကြီးဦးမင်းဦးက ပြောသည်။

အင်ဂျန်းယန်ဒေသမှ ပြောင်းရွှေ့လာသောစစ်ရှောင်ကျောင်းသားများ ကျောင်းတက်နိုင်ရေးအတွက် ပြည်နယ်အစိုးရမှ တန်ဖရဲဒေသတွင် အလယ်တန်းအဆင့်ကျောင်းတစ်ကျောင်း တည်ဆောက်ပေးသွားမည်ဟု စစ်ရှောင်စခန်းတာဝန်ခံများသို့ ပြောကြားထားကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

# ဆော့လော်ရေဘေးသင့်ဒေသရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဟုဆို

မြစ်ကြီးနား၊ ဇွန် ၁

ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စုတွင် ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် လန်ဆယ်ရွာမကြီး၊ သဘန်ခကျေးရွာရေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်သူ့လွှတ်တော်တွင် ပြောကြားခဲ့သည်။

ဇွန်လ ၁ ရက်နေ့တွင် ပြုလုပ်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆော့လော်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဦးလာမာလေးက ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသည့် ဆော့လော်မြို့နယ်၊ လန်ဆယ်ကျေးရွာအုပ်စု လန်ဆယ်ရွာမကြီး၊ သဘန်ခကျေးရွာနှင့် အခြားရေဘေးသင့်ကျေးရွာများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိမေးခွန်းမေးမြန်းမှုနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီးဦးစိုးအောင်က ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရေဘေးကြုံတွေ့ခဲ့ရစဉ် နစ်နာမှုအများဆုံး ကြုံတွေ့ခံစားခဲ့ရသည့် လန်ဆယ်ကျေးရွာယနေ့အထိရေကြီးရေလျှံမှုဖြစ်ခဲ့စဉ်မြောပါလာခဲ့သည့် သစ်တုံးအဟောင်းများအကြားထဲ၌ ဖြစ်သလိုခက်ခက်ခဲခဲ နေထိုင်နေရပါတယ်။ သစ်တုံးအဟောင်းများကို ဖယ်ရှားရှင်းလင်းပေးခြင်း လူနေအိမ်ကွက်များစနစ်တကျ ဖော်ထုတ်ပေးခြင်း၊ လူနေအိမ်များ၊ ယဉ်ကျေးမှုရုံးများဘာသာရေးအဆောက်အဦများ ဆောင်ရွက်ပေးရန် အထူးလို အပ်လျက် ရှိပါတယ်။ ကျောင်းသားကျောင်းသူများကလည်း သစ်တုံးများကို ခက်ခက်ခဲခဲကျော်ဖြတ်ပြီး ကျောင်းတက်နေရပါတယ်။ အိမ်တစ်အိမ်မှာ မိသားစုသုံးလေးစုနေပြီးမှ ခက်ခက်ခဲခဲ နေနေရပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးကတင်ပြခဲ့သည်။

၂၀၁၆ခုနှစ်ဧပြီ၂၃ရက်နေ့က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားကာ ပျက်စီးသွားခဲ့သည့် လန်ဆယ်ရွာမကြီး၊ သဘန်ခကျေးရွာများကို ၂၀၁၆ ခု မေလ ၆ ရက်နေ့ကစပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးနှင့် ပြည်နယ်အစိုးရတို့သည် ကူညီထောက်ပံ့ငွေများနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကကျေးရွာ ၈ ရွာ၊ အိမ်ထောင်စု၁၂၁ စုမှ လူဦးရေ ၁၃၅၁ဦးအတွက် အိမ်ဆောက်ပစ္စည်းကုန်ကျငွေများ၊ မိုးကာစများ အိမ်အမိုးသွပ်များ၊ ခေါက်ဆွဲခြောက်များ၊ ဆန်ရိက္ခာဘိုးများ၊ ငါးသေတ္တာများ၊ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"လန်ဆယ်ရွာအတွင်းသစ်တုံးများဖယ်ရှားခြင်းနဲ့ လမ်းများလည်း ဖောက်လုပ်ပေးခဲ့ပါတယ်။ ယခုနှစ်တွင် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြပါအကြောင်းအရာကို ဝန်ကြီးဌာနများ၊ ပြည် နယ်အစိုးရအဖွဲ့များ ပူပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရေတိုရေရှည် သတ်မှတ်ဆောင်ရွက်ရသည့်အတွက် ကဏ္ဍများအလိုက်ဘာငွေရရှိမှုအပေါ် ဆက်လက်ဆောင်ရွက်ကာ အရေးပေါ်လိုအပ်ပါကလည်း အမျိုးသားသဘာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ တင်ပြလမ်းညွှန်မှုခံယူပြီး ဖြစ်ပါကြောင်း"ဟု ဒုတိယဝန်ကြီးဦးစိုးအောင်ကမေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းခွဲနှင့် စုစုပေါင်းကျပ်သိန်း ၁၃၀ ကူညီထောက်ပံ့ပေးခဲ့ကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးကလည်း ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်ငွေကျပ်သိန်း ၃၀၀ ကျော်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆန်လတ်

# မြေမြှုပ်မိုင်းကို ရင်တထိတ်ထိတ်ဖြတ်ကျော်ခဲ့ရတဲ့ ကိုယ်ဝန်ဆောင်ဒေါ်ဂျီးနန်နဲ့ကချင်စစ်ပွဲကြားကမြေစာပင် အမျိုးသမီးများ

မလိခ

**“ခြေထောက်တစ်ဖက်ကို အရင်ခွကျော်ပြီး သေချာပြီဆိုမှ နောက်တစ်ဖက်ကို ပြန်ကျော်တယ်။ အဲဒီအချိန် နေရာမှားပြီး နင်းမိမှာ ကြောက်လွန်းလို့ မျက်စိကို တအားမှိတ်ထားတာ၊ အသက်တောင်မရှူနိုင်ဘူး။ အရမ်းကြောက်နေလို့ ဘယ်လိုကျော်ဖြတ်လိုက်သလဲဆိုတာ ပြောတောင်မပြောတတ်တော့ဘူး။ မှားနင်းမိလိုက်ရင် ကျွန်မသေပြီဆိုပြီး အရမ်းကြောက်ခဲ့ရပါတယ်”**

ကိုယ်ဝန်ရှစ်လနဲ့ တိုက်ပွဲတွေကြားက ပုန်းရှောင်ခဲ့ရတဲ့ လမ်းခရီးမှာ မိုင်းရှိတယ်ဆိုတဲ့ နေရာ ဖြတ်ကျော်ခဲ့ရပုံကို ဒေါ်ဂျီးနန်က ပြောပြခဲ့တာပါ။

ဧပြီလ ၁၃ ရက်နေ့မှာ ၇ လကျော်နေပြီဖြစ်တဲ့ ကိုယ်ဝန်ကို လွယ်ထားရတဲ့ အသက် ၄၀ အရွယ် ဒေါ်ဂျီးနန်နဲ့ ကလေး ၄ ယောက်၊ ခင်ပွန်းသည်တို့အပါအဝင် မိသားစု ၆ ဦးဟာ လိုင်နောင်ခူး၊ မံဝယ်ကျေးရွာကနေ အခြားရွာသားတွေနဲ့အတူ တောထဲကို ထွက်ပြေးခဲ့ရတာ ဖြစ်ပါတယ်။

“ကျမအမျိုးသားက အစားအသောက်တွေ၊ အိပ်ယာတွေ သယ်တယ်။ ကျမက ၁ နှစ်ကျော်ကလေးကို ရှေ့မှာလွယ်ပြီးချီ၊ အနောက်မှာ ကလေးတွေရဲ့ အဝတ်အစားတွေထည့်တဲ့ပလိုင်း လွယ်ထားတယ်။ နောက်တစ်ရက်မှာ လုံခြုံတဲ့ မြို့ပေါ်ကို တိမ်းရှောင်ဖို့ သူတို့ကျေးရွာကို ပြန်လှည့်လာတဲ့အချိန် တပ်မတော်စစ်ကြောင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး တပ်မတော်နဲ့အတူ မိုင်းတွေရှိတဲ့ လမ်းခရီးကို လျှောက်ခဲ့ရပါတယ်လို့ ဒေါ်ဂျီးနန်က ပြောပါတယ်။

စစ်တပ်နဲ့တွေ့ပြီး ဆက်သွားတဲ့အချိန်မှာ တစ်နေကုန်လျှောက်ပြီး လမ်းမှာကျွန်မတို့ရွာသားတစ်ယောက် မိုင်းနင်းမိတော့ မိုင်းရှာဖွေတဲ့ ကိရိယာနဲ့ရှာတယ်။ အဲဒီအချိန်မှာ ဒီနေရာမှာ မိုင်းရှိတယ်ဆိုပြီး ကျော်ရမယ် ပြောတယ်။ ကျမက ကလေးကိုလည်း ပိုးထားပြီး ပလိုင်းကိုလည်း လွယ်ထားတယ်။ ခါတ်မီးလည်းကိုင်ထားပြီး မိုင်းကို ခွကျော်ခဲ့ရတယ်” လို့ ကိုယ်ဝန်ဆောင် ဒေါ်ဂျီးနန်က ပြောပါတယ်။

သူဟာ ကြာရှည်လမ်းလျှောက်ခဲ့ရတာနဲ့ ကြမ်းတမ်းတဲ့လမ်းခရီးမှာ ကားစီးခဲ့ရလို့ ဗိုက်ထဲက ကလေးအနေအထားလွဲခဲ့ရပြီး နာကျင်မှုဝေဒနာတွေ ခံစားခဲ့ရပေမယ့် အားတင်းပြီး ရောက်အောင်လျှောက်ခဲ့သူပါ။ ချောင်းဝရောက်တဲ့အချိန်မှာ ဆရာဝန်တွေက ဗိုက်ကိုပြန်ပြင်ပေးခဲ့လို့ အခုတော့ ပုံမှန်အနေအထားရှိနေပြီလို့ ဒေါ်ဂျီးနန်က ပြောပါတယ်။

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လိုင်နောင်ခူး။ မံဝယ်ကျေးရွာအနီးမှာ ဧပြီလ ၁၁ ရက်နေ့မှစပြီး တပ်မတော်နဲ့ ကေအိုင်အေတို့ တိုက်ပွဲဖြစ်ပွားခဲ့တဲ့အတွက် ဧပြီလ ၁၃ ရက်နေ့ကစပြီး ရွာသားတွေဟာ ကျေးရွာကနေ တောထဲကို ထွက်ပြေး တိမ်းရှောင်ခဲ့ကြပေမယ့် ကယ်ဆယ်ရေးအဖွဲ့တွေ ရွာမှာလာကြိုမယ်ဆိုတဲ့ သတင်းပြန်ရလို့ မိမိတို့ရွာဆီကို ခက်ခက်ခဲခဲ ပြန်လှည့်လာချိန်မှာ တပ်မတော်နဲ့ထိပ်တိုက်တွေ့ဆုံခဲ့ရတာကို ပြန်ပြောပြနေတာပါ။

တပ်မတော်က သူတို့ကို အင်းတော်ကြီးဒေသ၊ ချောင်းဝရွာရောက်အောင်ခေါ်သွားဖို့ မနက်အစောကြီးကနေ ညမိုးချုပ်တဲ့အထိ လမ်းလျှောက်ခဲ့ရပြီး လမ်းခရီးမှာ ရွာသားတွေယူလာတဲ့ ပစ္စည်းတွေကို စစ်ဆေးတာနဲ့ ဖုန်းတွေကိုသိမ်းယူထားတာတွေ လုပ်ခဲ့တယ်လို့ ပြောပါတယ်။

အမျိုးသမီးနဲ့ အမျိုးသားတွေကို ခွဲပြီးစစ်ဆေးမေးမြန်းမှုတွေ လုပ်ခဲ့ချိန်မှာ စိုးရိမ်စိတ်တွေဖြစ်ပေါ်ခဲ့ပြီး အဲဒီညမှာပဲ လမ်းခရီးတစ်နေရာမှာ ရွာသားတစ်ယောက် မိုင်းနင်းမိခဲ့တယ်လို့ ပြောပါတယ်။

နောက်တော့ ရွာသားတွေကို ချောင်းဝကို ဆက်မခေါ်တော့ဘဲ သူတို့ကျေးရွာဖြစ်တဲ့ လိုင်နောင်ခူးကိုပြန်ဖို့ လမ်းတစ်ဝက်မှာ ချန်ထားခဲ့လို့လမ်းမှာတစ်ညအိပ်ခဲ့ပြီး ရွာကိုပြန်ရောက်ခဲ့တယ်လို့ ဒေါ်ဂျီးနန်က ပြောပါတယ်။

“အဲဒီညမှာ ကျမတို့ကို လုံခြုံရေးယူပေးတယ်ဆိုပြီး ကျမတို့အမျိုးသမီးတွေအိပ်တဲ့ နေရာနဲ့အနီးအနားမှာစစ်တပ်ကရှိနေတော့ ကျမတို့ကြောက်ကြောက်နဲ့ အိပ်ခဲ့ရတယ်”လို့ သူကပြောပါတယ်။

ရွာသားတွေဟာ သတင်းပတ် ၃ ပါတ်ခန့် ကျေးရွာကနေ ဘယ်မှသွားလို့မရဘဲ ပိတ်မိနေခဲ့ကြပါတယ်။ ဧပြီလ ၃၀ ရက်နေ့မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ဆန္ဒပြတောင်းဆိုခဲ့လို့ မေလ ၇ ရက်နေ့မှာ လိုင်နောင်ခူးကျေးရွာသား ၁၈၀ ကျော်ကိုတပ်မတော်က ခွင့်ပြုချက်နဲ့ ကချင်ပြည်နယ်အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက တရားဝင်သွားရောက်ခေါ်ယူပြီး အခုတော့ ကာမိုင်းမြို့ ကက်သလစ်ဘုရားကျောင်းနဲ့ နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ရဲ့ ဘုရားကျောင်းတွေမှာ ခိုလှုံနေကြပါတယ်လို့ ဆိုပါတယ်။

တနိုင်းမြို့နယ်၊ အောင်လော့ဒ်ကျေးရွာသား ၂၀၀၀ ခန့်ရှိတဲ့အထဲက တောတောင်တွေကြား ပိတ်မိနေခဲ့ပြီး တစ်လအကြာမှာ လူ ၅၀၀ လောက်ဟာ မြစ်ကြီးနားမြို့၊ နောင်နန်းကျေးရွာရှိ ဂျော်မဆတ်နှစ်ခြင်းဘုရားကျောင်းကို ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ကလေးမွေးခါနီး ကိုယ်ဝန်သည်အချို့နဲ့ ရွာသားတချို့ တောတောင်တွေထဲမှာ ရှိနေဆဲဖြစ်တယ်လို့ သိရပါတယ်။

ကိုယ်ဝန် ၆ လလွယ်ထားရသူ ဒေါ်မနမ်ဂျာအိန်ကလည်း ကလေး ၅ ယောက်နဲ့ သူမရဲ့ခင်ပွန်းတို့နဲ့ လူစုကွဲသွားပြီး တောထဲရောက်လို့ ၂ ရက်အကြာမှ မိသားစုပြန်လည် ဆုံတွေ့ခဲ့ရတယ်လို့ ပြောပါတယ်။

“ကျမကလေးက ငါးယောက်၊ ကလေးငယ်လည်းပိုး၊ ပလိုင်းလည်းလွယ်ထားတယ်။ ကိုယ်ဝန်ကလည်း ၆ လ၊ ဗိုက်ခက်တာက ရွာကနေထွက်၊ ၂ ညအိပ်ပြီး၊ တောင်ကို ၂ နာရီလောက် အကြာကြီးတက်ရတာ၊ ရင်ဘတ်ထိရောက်တဲ့ မြစ်ချောင်းကို ဖြတ်၊ သစ်တုံးကြီးတွေလည်း ကျော်ရတယ်။ နောက်ရက်လည်း တောင်တွေတက် ရတယ်။ ကလေးတွေက လမ်းမလျှောက်နိုင်၊ ခက်ခဲတာတွေက ပြောမကုန်တော့ဘူး။ ညအိပ်ရင်လည်း ဗိုက်က တစ်ခါတလေနာတယ်။ ခြေထောက်လည်း ယောင်လာတယ်”လို့ ဒေါ်မနမ်ဂျာအိမ်က ပြောပြပါတယ်။

အခုရောက်နေတဲ့ ဒုက္ခသည်စခန်းမှာ အခြားမိသားစုတွေနဲ့အတူ စုပေါင်းအိပ်ရတာဖြစ်ပြီး သူမ ကလေးမွေးလာတဲ့အခါ ဘယ်လိုနေထိုင်ရမလဲဆိုတာကိုစိုးရိမ်နေတယ်လို့ ဒေါ်မနမ်ဂျာအိန်က ပြောပါတယ်။

အောင်လော့ဒ်ရွာသားတွေဟာ ထူထပ်တဲ့သစ်တောတွေကို ဖြတ်ကျော်ပြီး လုံခြုံရာကို ခြေလျင်လျှောက်လာခဲ့ကြတဲ့ လမ်းခရီးမှာ မျက်မမြင်သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေနဲ့ လမ်းမလျှောက်နိုင်တဲ့ နာမကျန်းဖြစ်သူတွေ မြစ်ကိုဖြတ်ကျော်ဖို့ ဒေသခံဆင်ပိုင်ရှင်တချို့က ကူညီခဲ့ကြပါတယ်။

အောင်လော့ဒ်ရွာက အသက် ၄၆ နှစ်အရွယ် ဒေါ်တန်ဘောင်ထုလွမ်ဟာ ဧပြီလ ၁၁ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်မှာ သေနတ်သံတွေ၊ လေယာဉ်သံနဲ့ ပစ်ခတ်သံတွေကြားလို့ ကြိုတင်ပြင်ဆင်ထားတာ မရှိဘဲနေအိမ်မှာရှိတဲ့ကလေးတွေကိုခေါ်ပြီး ထွက်ပြေးခဲ့ရပါတယ်။ အချို့ရွာသားတွေဆိုရင် မိသားစုတကွဲတပြားဖြစ်ပြီး ၁၃ ရက်နေ့ ညနေမှ မိဘနဲ့သားသမီးတွေ ပြန်လည်ဆုံတွေ့ခဲ့ကြတာရှိတယ်လို့ ပြောပြပါတယ်။

အိမ်ကနေ တနိုင်တပိုင် သယ်လာတဲ့ ဆား၊ ငရုပ်သီး၊ စွန်တန်(မုန့်ညှင်းချဉ်ခြောက်)၊ ဆီတို့ဖူးတွေက ကုန်သွားပြီဖြစ်လို့ ငှက်ပျောဖူးကိုထောင်း၊ ဟင်းပြင်းရွက် အရည်ကျဲကျဲနဲ့ စုပေါင်း စားသောက်ခဲ့ရပါတယ်။ ကိုယ်ဝန်သည်တွေ၊ နို့တိုက်မိခင်တွေလည်း အဲဒီဟင်းတွေပဲ စားသောက်ခဲ့ရတယ်လို့ ဒေါ်တန်ဘောင်ထုလွမ်က ပြောပါတယ်။

ရွာသားတွေက တောနက်တွေဖြတ်၊ တောင်တွေကိုသုံးနာရီ၊ လေးနာရီကြာ တက်ခဲ့ရပြီး၊လမ်းခရီးမှာ တစ်လခန့်ကြာလာတော့ သယ်လာတဲ့ စားနပ်ရိက္ခာတွေလည်း ကုန်သွားတဲ့အတွက် တောထဲက တွေ့တဲ့ ဟင်းသီးဟင်းရွက်တွေ ရှာဖွေစားသောက်ခဲ့ရတယ်လို့ မြစ်ကြီးနားမြို့ကို ရောက်လာတဲ့ အောင်လော့ဒ်ရွာမှ ဒေါ်တန်ဘောင်ထုလွမ်က ပြောပြပါတယ်။

“လမ်းမှာတောင်က ၃ နာရီ ၄ နာရီတက်တယ်။ အဆင်းမှာ ၁ နာရီကျော်ကြာတယ်။ ညနေ ၇ နာရီ ကျော်လောက်မှာ အိပ်မယ့်နေရာရောက်တယ်။ အဲဒီတောင်တက်တဲ့အချိန်မှာလည်း ကိုယ်ဝန်သည်တွေ၊ မျက်မမြင်နဲ့ သက်ကြီးရွယ်အိုတွေကို ဆင်နဲ့တင်ခေါ်သွားတယ်။ လမ်းလျှောက်နိုင်တဲ့ အသက်ကြီးသူတွေလည်း တုတ်ကောက်နဲ့ လျှောက်ရတယ်။ အဲဒီနေရာမှာလည်း မလုံခြုံတော့ဘူး၊ ပြန်ပြောင်းရမယ်ဆိုတော့ ရင်ဘတ်လောက်ထိနက်တဲ့မြစ်ကို ကလေးလူကြီးအားလုံးကူးကြတယ်”လို့ ဒေါ်တန်ဘောင်ထုလွမ်က ပြောပါတယ်။

အသက် ၅၆ နှစ်အရွယ် ဒေါ်လင္ဂွေယိန်းဝေါမ်ကလည်း “တောင်တက်လိုက် ဆင်းလိုက်။ ရင်ဘတ်အထိနက်တဲ့ မြစ်တွေကူးရတာ၊ တောင်မတက်နိုင်လို့ ငိုတဲ့လူကငို၊ လမ်းမလျှောက်နိုင်လို့ ကျောပိုးရတာလည်း ရှိသေးတယ်။ ကိုယ်ဝန်သည်တွေဆို သစ်တုံးတွေ မကျော်နိုင်တော့ တွားသွားပြီး ဖြတ်ရတာလည်းရှိတယ်”လို့ သူက ပြောပါတယ်။

အဲဒီမြစ်ကိုကူးပြီးတဲ့အချိန်မှာ ဖုန်းလိုင်းမိတဲ့ တောင်မြင့်တစ်နေရာကနေ အဆက်အသွယ်လုပ်နိုင်ခဲ့လို့ မြစ်ကြီးနားမြို့ပေါ်ကလူတွေက ကယ်ထုတ်နိုင်ဖို့ ဆန္ဒပြတောင်းဆိုတာတွေ လုပ်နေတယ်ဆိုတာကို သိခဲ့ရပါတယ်။ စားနပ်ရိက္ခာတွေကုန်လာပြီဖြစ်လို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မြို့ပေါ်ရောက်ဖို့ ထွက်လာခဲ့တဲ့လမ်းမှာ တစ်ရက်နဲ့ရောက်ရမယ့် ခရီးမှာ လမ်းမှားပြီး ၂ ရက်ကြာ ခက်ခက်ခဲခဲကြမ်းကြမ်းတမ်းတမ်းနဲ့ တောနက်ကြီးကို ဖြတ်သန်းခဲ့ရတယ်လို့လည်း ပြောပြပါတယ်။

“အခါတိုင်းဆို စက်လှေရှိတယ်။ အဲဒီအချိန် စက်လှေလည်းမရှိတော့ ခြေလျင်လမ်းလျှောက်တာ လမ်းမှားပြီး တစ်ရက်လုံး မိုးထဲ၊ ကျွတ်တွေနဲ့ စမတ်(ဖက်ယား)တွေနဲ့ ဖြတ်ရတယ်။ လမ်းသိတဲ့လူကို ပိုက်ဆံပေးပြီး လမ်းပြခိုင်းခဲ့ရတယ်”လို့ ပြောပါတယ်။

ဒေါ်တန်ဘောင်ထုလွမ်အပါအဝင် လွတ်မြောက်လာတဲ့ အမျိုးသမီးတွေကတော့ သေနတ်သံ၊ ဗုံးသံတွေ ကြားကနေ ဖြတ်သန်းခဲ့ရလို့ အခုချိန်အထိ ကြောက်လန့်စိတ်တွေ မပြေနိုင်သေးလို့ အိမ်ကိုလည်း မပြန်ရဲသေးဘူးလို့ ဆိုပါတယ်။

ကချင်ပြည်နယ် မြောက်ဖျားပိုင်း အင်ဂျန်းယန်မြို့နယ် အတွင်းမှာလည်း တပ်မတော်နဲ့ ကေအိုင်အေတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်က လေယာဉ်နဲ့ပစ်ခတ်ခဲ့လို့ တန်ဖရဲမြစ်ဆုံကနေ မိုင် ၃၀ ဝေးတဲ့ ကောင်ရာကျေးရွာအနီး ကျည်တွေ ကျရောက်ခဲ့တဲ့အတွက် တစ်ရွာလုံး ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၃ ပတ်ကြာအထိ တောထဲ တိမ်းရှောင်နေခဲ့ရတယ်လို့ ကိုယ်ဝန် ၈ လလွယ်ထားရသူ အသက် ၂၃ နှစ်အရွယ် ဒေါ်မရိပ်နန်မွန်းကပြောပါတယ်။

ဒေါ်မရိပ်နန်မွန်းဟာ တစ်နှစ်နဲ့ရှစ်လအရွယ်ရှိတဲ့ကလေးကိုပိုး၊ အဝတ်အစားသယ်လာတဲ့ ပလိုင်းကိုလွယ်ပြီး တောထဲ ထွက်ပြေးလာခဲ့ရာက မေလ ၁၇ ရက်နေ့မှာ မြစ်ကြီးနားမြို့နယ် တန်ဖရဲကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းကို ရောက်ရှိခဲ့ပါတယ်။ သူတို့နဲ့အတူ စစ်ရှောင် ၉၀၀ ကျော်ရှိနေပြီးကက်သလစ်ဘုရားကျောင်းမှာ လူ ၁၀၀၀ ကျော် စုစုပေါင်း စစ်ဘေးရှောင်ပြည်သူ ၂၀၀၀ ကျော် ရောက်ရှိနေပြီလို့သိရပါတယ်။


ကချင်ပြည်နယ် ဖားကန့်မြို့နယ် လိုင်နောင်ခူး၊ မံဝယ်ကျေးရွာက စစ်ဘေးရှောင် ၁၈၀ ကျော်၊ တနိုင်းမြို့ ဒုက္ခသည်စခန်းမှာ လူ ၄၀၀၊ မြစ်ကြီးနားမြို့ ဂျော်မဆတ်ဘုရားကျောင်းမှာ ၄၈၈ ဦး၊ အင်ဂျန်းယန်မြို့နယ်က စစ်ရှောင် ၂၀၀၀ ကျော်မြို့ပေါ်ဒုက္ခသည်စခန်းများကို ရောက်ရှိနေပြီဖြစ်ပေမဲ့ တောထဲကျန်ရှိနေသူများလည်း ရှိနေသေးတဲ့အတွက် စစ်ရှောင်စုစုပေါင်း ၅၀၀၀ ကျော်ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ပြောဆိုနေကြပါတယ်။

တနိုင်းမြို့နယ် အောင်လော့ဒ်ကျေးရွာသား ၃၀၀ ခန့်ဟာ တောတောင်များတွင်ရှိနေဆဲဖြစ်ပြီး အင်ဂျန်းယန်မြို့နယ်အတွင်း စစ်ရှောင် ၆၀၀ ခန့် ရှိနေသေးတယ်လို့လည်း သိရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၈ - ဇွန် ၁၄၊ ၂၀၁၈ )

# ဆရာယုဒသန်

အင်ခိုင်ဘွမ်



အဘိဓာန်ဆရာကြီး မင်းသုဝဏ်က “အဘိဓာန်မည်သည်မှာ မဟာသမုဒ္ဒရာကြီးနှင့်တူပါတယ်။ မဟာသမုဒ္ဒရာကြီးဟာ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့က နေ့မအားညမအား တသွင်သွင်စီးဆင်းနေတဲ့ ရေလှိုင်းဂယက်တို့နှင့် တင်းတိမ်ရောင့်ရဲခြင်း မဖြစ်နိုင်သကဲ့သို့ပင် အဘိဓာန်လုပ်ငန်းကြီးဟာလည်း အရပ်လေးမျက်နှာက ဝင်လာမစဲတသဲသဲဖြစ်တဲ့ ဝေါဟာရများနဲ့ မရောင့်ရဲမတင်းနိုင်ကြပါဘူး”ဟု ဆိုခဲ့သည်။ ဆရာယုဒသန်သည် အမေရိကန်နှစ်ခြင်းသာသနာပြုဆရာဖြစ်သည်။ အဘိဓာန်ဆရာလည်းဖြစ်သည်။ ဆရာယုဒသန်၏ အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်များကို မြန်မာဖြစ်စေ၊ မြန်မာစာကို သင်လိုသော နိုင်ငံခြားသားများဖြစ်စေ အားကိုးအားထားပြုခဲ့ကြရသည်။ ဆရာယုဒသန်သည် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် နေပြည်တော်၌ ဒေါက်တာပရိုက်၊ ဟင်နရီဂူဂျာတို့နှင့်အတူ အကျဉ်းချထားခံခဲ့ရသည်။ စစ်ပြေငြိမ်းရန် စေ့စပ်ဆွေးနွေးရေး၊ ရန္တပိုစာချုပ် ချုပ်ဆိုရေးတို့တွင် မြန်မာတို့ဘက်မှ အရေးပါသော စကားပြန်အဖြစ် တာဝန်ထမ်းဆောင်ရခြင်းဖြင့် မြန်မာ့သမိုင်းနှင့် ဆက်နွယ်သူတစ်ဦးဖြစ်လာခဲ့သည်။


မြန်မာနိုင်ငံသို့ သာသနာပြုရန်ရောက်ရှိလာသော ဆရာယုဒသန်သည် မနက်တိုင် အိမ်မှထွက်သည်။ မြို့ဘက်သို့ ရောက်သောအခါ တွေ့ရာရာကို လက်ညှိုးထိုးလျက် မြန်မာတို့ကို မေးမြန်းမှတ်သားသည်။ မြန်မာစကားကို အတော်တီးခေါက်မိလာသောအခါ သူသည် အင်္ဂလိပ်စကားကို လုံးဝနီးပါးမျှစွန့်၍ မြန်မာစကားပြောကာ မြန်မာတွေးတွေးနိုင်အောင်ကြိုးစားခဲ့တော့သည်။ မြန်မာတို့၏အယူဝါဒကို လေ့လာနိုင်ရန် လောကုတ္တရာစာပေများကိုလေ့လာဆည်းပူးရာ ပါဠိသက္ကတစကားလုံးပေါင်းလေးထောင်ခန့်ကိုလည်း စုဆောင်းမိခဲ့သည်။ ထိုစကားလုံးများကို အက္ခရာဝလိစဉ်၍ မြန်မာအနက်ပေးကာ ပါဠိမြန်မာအဘိဓာန်ကို စတင်ပြုစုခဲ့သည်။ ထိုအဘိဓာန်တွင် ပါဝင်သော မြန်မာစကားလုံးများကို တစ်ဖန် အက္ခရာဝလိစဉ်ကာ အင်္ဂလိပ်အနက်ပေး၍ ပထမ မြန်မာ-အင်္ဂလိပ်အဘိဓာန်ကို ဆက်လက်ပြုစုခဲ့သည်။

ဆရာယုဒသန်သည် တရားဟောလိုသဖြင့် မြန်မာတို့ တရားနာလေ့ရှိသော ဇရပ်များသို့သွားကာ ဓမ္မကထိကများ ဟောသည်တို့ကို မြန်မာများနှင့်အတူနာယူ၍ အတုယူနည်းမှီခဲ့သည်။ ထို့နောက် သူ၏ သာသနာပြုအိမ်ကြီးနှင့် မလှမ်းမကမ်း လူသွားလူလာများသောခရီးတွင် ဇရပ်တစ်ဆောင် ဆောက်လုပ်သည်။ ဇရပ်မျက်နှာစာခန်းကို ဝါး၊ ဓနိတို့ဖြင့်လုပ်၍ အကာအရံမရှိ ဟင်းလင်းထားသည်။ ထိုအဆောင်မှနေ၍ ခရီးသားများကို တရားနာရန် ဖိတ်ခေါ်လေ့ရှိသည်။ ကလေးသူငယ်များကို သစ်သားသင်ပုန်းကြီးများခင်း၍ စာသင်ပေးလေ့ရှိသည်။ ဆရာယုဒသန် နေ့စဉ်လုပ်လေ့ရှိသော လုပ်ငန်းမှာနံနက်ပိုင်းတွင် မြန်မာစာပေကို လေ့လာသည်။ မွန်းလတ်အချိန်တွင် ဇရပ်သို့သွား၍ တရားဟောသည်။ မွန်းယိမ်းသောအခါ ပုံနှိပ်ရန်အတွက် စာများကိုပြင်သည်။ ညနေတွင်ကား ဘုရားဝတ်ပြု၍ လက်ထောက်များ



အောင်ပင်လယ်တွင်အကျဉ်းကျနေသော ဆရာယုဒသန်၊ ဇနီးနှင့်သမီးလေး မေရီယာ




နှင့်အတူ တရားဆွေးနွေးသည်။ ၁၈၁၉ ခုနှစ် ဇွန် ၂၇ ရက်နေ့တွင် ရန်ကုန်၌ မောင်နောကို နှစ်ခြင်းသာသနာသို့ သွင်းနိုင်ခဲ့သည်။ မောင်နောသည် ပထမဆုံးနှစ်ခြင်းသာသနာဝင်ဖြစ်သည်။ မောင်ပြား၊ မောင်သာလှ၊ မောင်အင်းနှင့် မြန်မာကျမ်းဂန်တတ်ပရမတ်ဆရာ မောင်ရွှေငုံတို့သည်လည်း ခရစ်ယာန်များဖြစ်လာကြသည်။ မော်လမြိုင်တွင် ပထမဆုံးနှစ်ခြင်း သာသနာဝင်ဖြစ်သူသည် ကရင်အမျိုးသား မောင်သာဖြူဖြစ်သည်။

ဆရာယုဒသန်၏ သာသနာပြုမှုကို နှောင့်ယှက်မှုများရှိလာသဖြင့် မြန်မာဘုရင်ထံ သံတော်ဦးတင်ရန် အကြံဖြစ်ခဲ့သည်။ ထို့နောက် အင်းဝသို့ ထွက်လာခဲ့သည်။ အတွင်းဝန်မင်းက “ဤနိုင်ငံ၌ဆရာတို့သာသနာကို မည်သို့ပြုနိုင်အံ့နည်း၊ သို့သော်လည်း လိုက်ခဲ့ကြပေတော့”ဟုဆိုကာ ဘုရင်ထံခေါ်ဆောင်သွားခဲ့သည်။ ဘကြီးတော်မင်းက “မောင်မင်း မြန်မာလိုပြောတတ်သကိုး။ မနေ့ညက ငါကြားရသော ဘုန်းကြီးများ မဟုတ်လား။ ဘယ်တော့ရောက်ကြသလဲ၊ ဘာသာတရားဟော ဆရာများလား၊ ဘရင်ဂျီဘုန်းကြီးများလိုလား၊ မယားရှိသလား၊ ဘာကြောင့်သည်လိုဝတ်ဆင်ကြသလဲ”ဟု မေးလေသည်။ ဆရာယုဒသန်တို့ကလည်း လျှောက်ပတ်ချောင်စွာ ဖြေလျှောက်ကြသဖြင့် ဘကြီးတော်မင်းက သဘောကျခဲ့သည်။ သို့သော် ဆရာတို့၏ သာသနာရေးကို ဂရုပြုသင့်သည့်အတိုင်း ပြုတော်မမူဘဲ တူရိယာအငြိမ့်ကို နားညောင်း၊ စစ်ဗျူဟာကျင်းပခြင်းတို့ကို ရှုစားတော်မူခဲ့သည်။

ဆရာယုဒသန်သည် အင်းဝတွင် သာသနာပြုလုပ်ငန်းလုပ်ရင်း မှူးမတ်ကတော်မယား၊ မင်းပရိသတ်နှင့် ဆက်ဆက်သွယ်သွယ်ရှိခဲ့သည်။ အစိုးရအရာရှိအသီးသီးကလည်း ဤဘာသာသစ်ကို ကြည်ဖြူမှုတသောလက္ခဏာကိုပြခဲ့ကြသည်။ သို့သော် ဆရာယုဒသန်သည် အင်္ဂလိပ်-မြန်မာပထမစစ်ဖြစ်ချိန်တွင် ဟင်နရီဂူဂျာ၊ ဒေါက်တာပရိုက်တို့နှင့်အတူ အကျဉ်းချထားခံခဲ့ရသည်။ သူလျှိုများဟုထင်သဖြင့် သေဒဏ်ပေးရန် သံခြေကျင်းခတ်လျက် လက်မရှုံ့ထောင်ထဲတွင် လှောင်ထားခဲ့လေသည်။ ဆရာယုဒသန်က “လက်မရှုံ့ထောင်မှတစ်ဖန် ဆယ်မိုင်ခန့်ကွာဝေးသောအောင်ပင်လယ် ထိုထောင်မျိုးသို့ ကျွန်ုပ်တို့ရွှေ့

ပြောင်းစဉ်အခါ အလွန်ကြမ်းကြုတ်ရက်စက်ခြင်းအမျိုးမျိုးတို့ကိုခံသွားကြရသဖြင့် ကျွန်ုပ်တို့အထဲက ဂရိတ်လူသည် လမ်းတွင် သေဆုံးရရှာလေသည်"ဟု မှတ်တမ်းတင်ခဲ့သည်။ ဆရာတို့သည်လက်မရွှံ့ထောင်၊ နောက် အောင်ပင်လယ်ထောင်တွင် စုစုပေါင်း ၁ နှစ်နှင့် ၅ လခန့်အချုပ်ခံခဲ့ရလေသည်။

ထို့နောက် ဆရာယုဒသန်သည်အင်းဝမှကျိုက္ခမီ၊ မော်လမြိုင်မြို့များသို့ ပြောင်းရွှေ့နေထိုင် သာသနာပြုခဲ့သည်။ သာသနာဖွံ့ဖြိုးရေး၊ အဘိဓာန်ပြုစုရေး၊ ဘာသာပြန်ဆိုရေးတို့ကို မနေမနားလုပ်ဆောင်ခဲ့သည်။ ၁၈၄၅ ခုနှစ်တွင် ကျန်းမာရေး မကောင်းလွန်းသဖြင့် အမေရိကန်ပြည်သို့ပြန်ခဲ့သည်။ ထို့နောက် မပြီးပြတ်သေးသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်မြန်မာပြည်သို့ ပြန်လာခဲ့ပြန်သည်။ ၁၈၄၇ ခုနှစ်တွင် ရန်ကုန်မြို့၊ တစ်ဖန် မော်လမြိုင်မြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ပြန်သည်။ ၁၈၅၀ ခုနှစ်တွင် အပြင်းအထန်နာမကျန်းဖြစ်လေရာ သင်္ဘောဖြင့် မော်လမြိုင်မြို့မှ ထွက်လာခဲ့သည်။ သင်္ဘောပေါ်တွင် ဝေဒနာပြင်းထန်လှသဖြင့် စကားများကောင်းစွာ မပြောနိုင်တော့ချေ။ တပည့်အစောင့်အား အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် "သနားစဖွယ် မမကို စောင့်ရှောက်ပါနော်"ဟု ဆိုခဲ့သည်။ မကြာမီ ကွယ်လွန်သွားခဲ့လေတော့သည်။ ဆရာယုဒသန်ကွယ်လွန်သောအခါ သာသနာခေါင်းဆောင်များ၊ သတင်းစာဆရာများက ဆရာယုဒသန်၏ အံ့ဖွယ်သောအတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ပုံနှိပ်ကြလေသည်။

ရေဖြန်းဂိုဏ်းသာသနာပြု ဆရာကြီး ဒေါက်တာဂျစ္စပ်က "ခေါ်တော်မူ၍ ကောင်းကင်ဘုံသို့ရောက်လျှင် တမန်တော်ရှင်ပေါလုကို နှုတ်ဆက်ပြီးနောက် ချက်ချင်း ကျွန်ုပ် နှုတ်ဆက်ချင်သောသူကား ဆရာယုဒသန်ပေတည်း"ဟု ဆိုခဲ့လေသည်။ ဆရာလှသမိန်က ယုဒသန်သည် မိမိရည်ရွယ်ရင်း၌ ခရီယာန်ကျမ်းစာများကို ဘာသာပြန်ဆို၍ သာသနာပြုရန်ဖြစ်စေကာမူ သူပြုစုခဲ့သော အဘိဓာန်သည် ခရီယာန်ဘာသာကို မယုံကြည်သော စာပေသုတေသီတို့အတွက်ပါ ကျေးဇူးကြီးလှသောကြောင့် ကျေးဇူးတင်ဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ကြောင်း ဆိုခဲ့သည်။ ဗိုလ်မှူးဘသောင်းကလည်း ဆရာယုဒသန်၏ အဘိဓာန်များသည် မြန်မာစာပေကို လိုလားလိုက်စားသူများအတွက် အဖိုးအနဂ္ဃထိုက်တန်လှသော ကျမ်းများဖြစ်ကြောင်း ဆိုခဲ့လေသည်။

**ရည်ညွှန်း** - ဆရာယုဒသန်နှင့် မြန်မာအဘိဓာန် (မင်းသုဝဏ်)
ဆရာယုဒသန် (ဦးဖိုးလှ)
ဆရာယုဒသန် (ဗိုလ်မှူးဘသောင်း)
ဂျဒ်ဆင်(ယုဒသန်)
(မကြွန်)ယုဒသန် (လှသမိန်)

# ဟူးကောင်းချိုင့်ဝှမ်းဒေသ တပ်မတော်တားမြစ်နယ်မြေတွင် တောလိုက်ပြန်လာသူတစ်ဦး မိုင်းနင်းမိသေဆုံး

မြစ်ကြီးနား၊ ဇွန် ၅

ဟူးကောင်းချိုင့်ဝှမ်းဒေသ ဝါရာဇွပ်အုပ်စု ရှုဒူဇွပ်ကျေးရွာမှ ဦးလန်ဖူးဒီးသည် မေလ ၃၀ ရက် ၂ နာရီက ရှုဒူဇွပ်ရွာ အရှေ့ဘက် ငါးမိုင်ခန့်အကွာ တောထဲတွင် မိုင်းထိပြီးသေဆုံးခဲ့ကြောင်း သိရသည်။

မေလ ၂၉ ရက်နေ့က ဦးလန်ဖူးဒီးနှင့် ဦးအားရုံတို့သည် ငါး၊ သင်းခွေချပ်ရှာပြီး မေလ ၃၀ ရက်နေ့တွင်ပြန်လာရာ အပြန်လမ်းတွင် ရှုဒူဇွပ်ရွာနှင့် ငါးမိုင်ခန့်ဝေးသည့်နေရာတွင် ဦးလန်ဖူးဒီး၏ ခြေထောက်နှင့် လက်တွင်မိုင်းထိပြီးသွေးထွက်လွန်ကာ အိမ်သို့ရောက်စဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်းသိရကာ ဦးအားရုံတွင်မူ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

ဦးလန်ဖူးဒီးသည် ကလေးခြောက်ယောက်ဖခင်တစ်ဦးဖြစ်ပြီး ဝါရာဇွပ်ကျေးရွာအုပ်စုတွင် နေထိုင်သူတစ်ဦးဖြစ်သည်။

"အဒေါ်က သူ့ကိုပဲ အားကိုးပြီးနေနေတာ၊ အခုသားသမီးတွေလည်းကျောင်းတက်နေတယ်။ သမီးအကြီးဆုံးက ဆယ်တန်းတက်နေတယ်။ သူ့ကျောင်းစရိတ်အတွက် ပိုက်ဆံပို့ပေးရတော့မယ်။ ဒီမှာက မရှိဘူး။ အခုအရမ်းခက်ခဲနေတယ်"ဟု ဇနီးဖြစ်သူဒေါ်ညီဆာဒွေးက ပြောသည်။





မိုင်းထိသွားခဲ့သည့် ဦး လန်ဖူးဒီး

ဓါတ်ပုံ - ထွယ်အောင်

ဦးလန်ဖူးဒီးနှင့် ဦးအားရုံသည် တောထဲသွားစဉ် ရေလမ်းမှသွားရောက်ခဲ့ပြီး အပြန်ခရီးကိုကုန်းလမ်းမှပြန်လာစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ထိတဲ့သူက လမ်းအလယ်ကရှေ့ကသွားတာ၊ သင်းခွေချပ်ယူပြီးပြန်လာတဲ့ သူကနောက်ကလိုက်တာ အခုချိန်က ကုန်းလမ်းဘယ်သူမှ မသွားတဲ့အချိန်ဟုတ်တယ်။ မိုင်းထိတဲ့လူက သွေးတအားထွက်တော့ ရွာကိုပြန်လာပြီး လူလာခေါ်တယ်။ ရောက်လာတဲ့အချိန်မှာမိုင်းထိတဲ့လူကလက်ကောက်ဝတ်အရိုးကျိုးသွားတယ်၊ ခြေထောက်ညာဘက်လည်း အကုန်ထိသွားတယ်။ အရိုးတွေ အကုန်ကျေမွနေပြီ"ဟု သွားရောက်ကူညီခဲ့သူ ဦးထွယ်အောင်က ပြောသည်။

၂၀၁၆ ခုနှစ်မှစ၍အဆိုပါရွာနှင့် တစ်မိုင်ခန့်ဝေးသည့်နေရာများတွင် ဖြတ်သန်းသွားလာခွင့်ပိတ်ပင်ထားကြောင်း၊ တပ်မတော်က တားမြစ်ထားသောနယ်မြေဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါဟူးကောင်းချိုင့်ဝှမ်းဒေသ ဝါရာဇွပ်ကျေးရွာတွင် မိုင်းထိသူ ၁၀ ဦးကျော်ရှိပြီး ၂၀၁၇ခုနှစ်က ၂၈ ဦးရှိကြောင်း၊ မိုင်းထိခံရသူများထဲ အများစုသည် ခြေလက်များပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ဆန်လတ်၊အက်စတာ

# ခဏလောက်ဆိုပြီး ခေါ်သွားရာက ပြန်ရောက်မလာတော့သည့် ဖားကန့်က ကုမ္ပဏီဝန်ထမ်း

မြစ်ကြီးနား၊ ဇွန် ၅

ဖားကန့်မြို့နယ်အတွင်းရှိ ရာဇဌာနီ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ အလုပ်သမားခေါင်းဆောင် ကိုဖြိုးမောင်မောင် ပျောက်ဆုံးနေသည်မှာ တစ်လခန့်ကြာမြင့်နေပြီဖြစ်ပြီး ယနေ့ချိန်ထိတိုင် ရှာဖွေမတွေ့ရှိသေးကြောင်း သိရသည်။

၎င်းသည် ဖားကန့်မြို့နယ်အတွင်းရှိ ရှမ်းမိတ် လက်ဖက်ရည်ဆိုင်တွင်ထိုင်နေစဉ် အမည်မသိလူတစ်ဦးမှ "ဖြိုးမောင်မောင်လား လိုက်ခဲ့"ဟု ပြောဆိုကာ ခေါ်ဆောင်သွားခဲ့ရာမှ ပြန်မလာတော့ခြင်းဖြစ်ကြောင်း ကုမ္ပဏီလုပ်ဖော်ကိုင်ဖက်များထံမှ သိရသည်။

"အခုချိန်ထိတော့ မတွေ့သေးဘူး။ ကာယကံရှင်တွေက လာဆက်သွယ်တာလည်းမရှိဘူး။ သက်ဆိုင်ရာရဲစခန်းမှာ လာမေးတာလည်း မကြားမိဘူး။ ကောင်လေးရဲ့ ပုံကိုတော့ တွေ့ရင်သတင်းပေးဖို့ဖြန့်ထားတာတော့ ရှိပါတယ်" ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောကြားသည်။

ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် နှစ်စဉ်မိုးရာသီ၌ လုပ်ကွက်များနားလေ့ရှိကြပြီး ယခုနှစ်တွင် ကုမ္ပဏီတာဝန်ရှိသူများနှင့် ကုမ္ပဏီဝန်ထမ်းများ လုပ်ခလစာကိစ္စ အငြင်းပွားခဲ့ပြီး ရာဇဌာနီကုမ္ပဏီတွင်လည်း လုပ်ခလစာအငြင်း ပွားမှုဖြစ်ပွားခဲ့ ပြီးနောက် နေ့ (မေလ ၁၇ ရက်)ရုံးချိန်းအရောက်တွင် အထက်ပါအတိုင်း လက်ဖက်ရည်ဆိုင်တွင် ကိုဖြိုးမောင်မောင် ထိုင်နေစဉ် လာရောက်ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

"သူကအလုပ်သမားခေါင်းဆောင်လေ။ ရှမ်းမိတ် လက်ဖက်ရည်ဆိုင်မှာ သူနဲ့အတူ ကိုပြောင်ကြီးဆိုတာပါတယ်။ ခဏလေးဆိုပြီးတော့ ညီလေးက ဖြိုးမောင်မောင်လား။ ကုမ္ပဏီကလားဆိုပြီး မေးပြီးတော့ ဟုတ်တယ်ဆိုတော့ ခေါ်သွားတာ အခုထိမတွေ့တော့ဘူး။ ကျွန်တော်တို့လည်း မရှာရဲကြတော့ဘူး။ ရသလောက်လေးနဲ့ ပြန်ခဲ့ရတာ. . . ကျွန်တော်တို့လည်း"ဟု ကိုဖြိုးမောင်မောင်နှင့် ယာဉ်တစ်စီးတည်းအတူမောင်းနှင်သူ ကိုပြည့်ဖြိုးအောင်က ပြောသည်။

ဖားကန့်ဒေသတွင် ၅ နှစ်အတွင်း သေနတ်ဖြင့် လုပ်ကြံခံရမှုကြောင့် ၂၀၁၅ ခုနှစ်တွင် မော်ရှန်ကျေးရွာမှ ဦးအေးထွန်း၊ ဝေ့ခါကျေးရွာတွင် ဦးကံဆက်၊ နမ့်မော်ကျေးရွာတွင် ဦးထွန်းလွင်၊ ၂၀၁၆ မေလ ၂၂ ရက်နေ့က မော်ရှန်ရာအိမ်မှူး ဒေါ်နန္ဒာလှိုင်နှင့် နာဂကျောင်းသားလူငယ် မောင်အားဆီ (ညအချိန်ပြန်လာစဉ် ဆိုင်ကယ်ရပ်တန့်ခိုင်းရာမရပ်သဖြင့် မြန်မာ့တပ်မတော် တပ်ရင်းတစ်ရင်းမှ သေနတ်ဖြင့်ပတ်ခတ်မှုကြောင့်ထိမှန်သေဆုံးခဲ့သူ)နှင့် ၂၀၁၆ အောက်တိုဘာ ၃ ရက်နေ့ည ၁၀ နာရီခန့်တွင် ဆိပ်မူကျေးရွာနေ ဦးကျော်မျိုး၊ ၂၀၁၆ အောက်တိုဘာ ၁၆ ရက နေ့တွင် စပေ့ါကျေးရွာရပ်ကွက်(၄)တွင် လူနှစ်ဦးစီးလာသည့် ဆိုင်ကယ်ပေါ်မှ အသင့်ပါလာသော သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူ ဦးညွှန့်ဆွေ(ခ)ဖက်တီးနှင့် အမည်မသိလူ ၂ ဦးမှ ခေါ်ဆောင်သွားကာ သေနတ်ဖြင့် နားထင်ကို ပစ်ခတ်ခံခဲ့ရသူ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းတို့ သေဆုံးခဲ့ရပြီး အသက်ကို ရန်မရှာခဲ့သော်လည်း သေနတ်ဖြင့် လာရောက်ခြိမ်းခြောက်မှုများလည်း အများအပြားရှိကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# စစ်ရှောင်ပြည်သူများက တိကျခိုင်လုံသည့် အာမခံချက်ရှိမှ နေရပ်ပြန်နိုင်မည်

မြစ်ကြီးနား၊ ဇွန် ၄

ကချင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်စခန်းများ ပိတ်သိမ်းရေးအတွက် စစ်ရှောင်ပြည်သူများ၏ဆန္ဒကို အရင်တောင်းခံပြီးမှ ဆောင်ရွက်ရန်သင့်ကြောင်း ထွယ်ဂျန်ဒါမှ ဒါရိုက်တာ ဒေါ်နန်ပူကပြောသည်။

ယခုလ ၂ ရက်နေ့က နေပြည်တော်မင်္ဂလာသီရိဟိုတယ်တွင် "ဒုက္ခသည်စခန်းများ ပိတ်သိမ်းသွားရန် မဟာဗျူဟာ စီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ"တွင် ဒုက္ခသည်စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြက်အေးက ပြောကြားခဲ့သည်။



အောင်လော်ဒ် ဒေသမှ ထွက်ပြေးလွတ်မြောက်လာသည့် စစ်ရှောင်ပြည်သူများ

ဓါတ်ပုံ–ဆန်လတ်

ဒုက္ခသည် စခန်းများတွင် နေထိုင်ရသည့်အတွက် မူလအလုပ်အကိုင်ပျက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကလေးသူငယ်များ ပုံမှန်ဖွံ့ဖြိုးရေးအတွက် အခွင့်အရေးဆုံးရှုံးခြင်း အမျိုးသမီးများ၏ ရပ်တည်မှုဖွံ့ဖြိုးမှုထိခိုက်ပြီး အကြမ်းဖက်ခံရမှု၊ လူကုန်ကူးမှုဖြစ်နိုင်ခြေရှိခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များ အဓိကထိခိုက်မှုရှိခြင်းနှင့် ဥပဒေအရ ရသင့်သည့်အခွင့်အရေးဆုံးရှုံးမှုများရှိပါကြောင်း၊ စစ်ရှောင်စခန်းများတွင် နေထိုင်ခြင်းကြောင့် အထောက်အပံ့ကူညီမှုများကို မှီခိုနေရ၍ လုပ်ရည်ကိုင်ရည်များ လျော့ကျလာပါကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာဝင်းမြက်အေးက ပြောကြားသည်။

ဒုက္ခသည်စခန်းများ ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့်ပူးပေါင်း၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုအစိုးရကဆိုသော်လည်း လောလောဆယ် အသစ်ထပ်မံရောက်ရှိလာသည့် စစ်ရှောင်များလည်းရှိနေသဖြင့် ပိတ်သိမ်းရန်မှာ မဖြစ်နိုင်သေးဟု ဒေါ်နန်ပူက ထောက်ပြပြောဆိုခဲ့သည်။

"စစ်ရှောင်စခန်းက ပိတ်သိမ်းလို့မဖြစ်သေးဘူး။ အခုအသစ်ရောက်လာတဲ့ စစ်ရှောင်ပြည်သူတွေအတွက်တောင်အဆောက်အဦဆောက်ရမယ်၊ ခဲ့ရမယ်။ အသစ်ရောက်လာတဲ့သူတွေတောင် နေစရာမရှိ စားစရာမရှိဖြစ်နေတာ ပိတ်သိမ်းဖို့ဆိုတာ မပြောနဲ့၊ ပိတ်သိမ်းသွားပြီး သူတို့အိမ်ကို ပြန်လို့ရတယ် မရဘူးဆိုတာတော့ သေချာပြောလို့မရသေးဘူး။ ကချင်ပြည်နယ်အတွက်တော့ မဖြစ်နိုင်သေးဘူး။ ပြန်လို့ရမယ်၊ မရမယ်ဆိုတာ ပြောလို့မရသေးဘူး။ ဘာကြောင့်လဲဆို စစ်ပွဲက မငြိမ်းသေးဘူး။ တိုက်ပွဲတွေ အစဉ်ဖြစ်နေတာ"ဟု ဒေါ်နန်ပူကပြောသည်။

ဆက်လက်၍" ပြန်လို့မရဘူး။ ပြန်မယ်ဆိုရင်လည်း ကိုယ်နေတဲ့နေရာမှာစစ်ရှောင်တွေနေမယ့်ရွာတွေမှာ စစ်ပွဲပြန်ဖြစ်လာနိုင်တဲ့ အခြေအနေဖြစ်နေတယ်။ ဘာကြောင့်မဆို အချိန်မရွေးဖြစ်လာနိုင်တယ်။ ပြန်ဖို့အတွက်ကို အခြေအနေက မပေးဘူး။ အဲ့ဒီတော့ ပိတ်သိမ်းဖို့အတွက်ကို ခက်သေးတယ်။ အစိုးရကအာမခံချက်ပေးမယ်ဆိုရင် စစ်ရှောင်ပြည်သူတွေရဲ့ စိတ်ဆန္ဒသဘောထားကို ရယူရမယ်။ နေရပ်ကိုပြန်နိုင်ဖို့အခြေအနေရှိအောင် အစိုးရက လုပ်ဆောင်ပေးရမယ်။ အာမခံချက်ပေးရမယ်။ အဲ့ဒီအာမခံချက်ရှိမှ လက်ခံနိုင်ရမယ်"ဟု ဒေါ်နန်ပူကပြောသည်။

စစ်ရှောင်စခန်းများရှိ ပြည်သူများကလည်း စစ်ဘေးရှောင်စခန်းများ ပိတ်သိမ်းမည့်အရေးကို လက်မခံနိုင်ကြောင်း ပြောသည်။

"ကျွန်မတို့ ပိတ်သိမ်းတယ်ဆိုတာ လုံးဝလက်မခံနိုင်ဘူး။ ပိတ်သိမ်းတယ်ဆိုတော့လည်း တစ်ခုကောင်းတယ်၊ သူတို့စိတ်ထဲမှာ စစ်ရှောင်စခန်းဆိုတဲ့ ဟာကြီးကို မလိုချင်ဘူးဆိုလို့ရှိရင် နေရပ်ပြန်နိုင်အောင် မလုပ်ပေးနိုင်ဘူးဆိုရင် ငါတို့ကို လုပ်စားကိုင်စားလို့ရအောင် မြေနေရာချပေးပါ။ အဲ့ဒါတွေ လိုချင်တယ်။ အဲ့ဒါဆိုလို့ရှိရင်တော့ ပိတ်သိမ်းချင်လည်း ပိတ်သိမ်းလိုက်၊ ဒါမှ မဟုတ်လို့ရှိရင်တော့ ကျွန်မတို့ကို မြေနေရာလည်း မချပေးနိုင်ဘူးဆိုရင် လုပ်ကိုင်စားသောက်ဖို့နေရာလည်း မလုပ်ပေးနိုင်ဘူးဆိုရင် ဒီ ဒုက္ခသည်စခန်း ပိတ်သိမ်းမယ်ဆိုလို့ရှိရင်တော့ ဘယ်လိုမှအဆင်မပြေနိုင်ဘူး"ဟု မိုင်းနားအေဂျီစစ်ရှောင်စခန်းမှ တာဝန်ခံ ဒေါ်ငွားမသားက ပြောသည်။

သို့သော် စစ်ရှောင်ပြည်သူအချို့ကစစ်ရှောင်ပြည်သူအားလုံးကို ကိုယ်စားပြုသည့်အသံများကို နားထောင်စေလိုသည်ဟုဆိုကြသည်။

"ပြည်သူလူထုတွေဆီက အသံတွေ နားထောင်ပေးပြီးမှ လုပ်ခိုင်းစေချင်တယ်။ စာချုပ်တွေ လက်မှတ်ထိုးတဲ့အခါတောင် အာမခံချက်ရှိတဲ့စာချုပ်ဖြစ်ရမယ်။ ဒီလူတွေကို ဒီလိုဖောက်ဖျက်ရင် အရေးယူမယ်ဆိုတဲ့ အာမခံချက်ရှိမှ ပြန်မယ်၊ စစ်တပ်တွေ မရုတ်သိမ်းရင် ဘယ်တော့မှမပြန်ဘူး အတိအကျပဲ"ဟု မလိယာန်စစ်ရှောင်စခန်းမှ ဦးဆိုင်းခေါင်က ပြောသည်။

အဆိုပါဒုက္ခသည်စခန်းများပိတ်သိမ်းပြီးနောက်တွင် အစိုးရအနေဖြင့် ဥပဒေအရ လွတ်လပ်စွာသွားလာနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဟုလည်း ဆိုသည်။

အစိုးရသစ်လက်ထက်တွင် ဒုက္ခသည်စခန်းများ ပိတ်သိမ်းရန် ၂၀၁၆ ခုနှစ် မေလမှစ၍ လုပ်ဆောင်ခဲ့ကြောင်းနှင့် တိုက်ပွဲ ရှောင်ပြည်သူများ၏ အခွင့်အရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက စစ်ရှောင်ပြည်သူများကိုကူညီထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးခြင်း၊ အသက်မွေးပညာများသင်ကြားပေးခြင်း၊ အရင်းအနှီးများထုတ်ပေးခြင်းတို့ကို စနစ်တကျလုပ်ဆောင်နေသည်ဟု သိရသည်။

ကချင်ပြည်နယ်ရှိ ဒုက္ခစခန်းများတွင် စစ်ဘေးရှောင်လူဦးရေ တစ်သိန်းကျော်ခန့် နေထိုင်လျှက်ရှိပြီး ယခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တစ်ကျော့ပြန်တိုက်ပွဲဖြစ်ပွါးမှု ၇ နှစ်တင်းတင်းပြည့်မြောက်ပြီဖြစ်သည်။

ဆန်လတ်

---

# ရှုဒူဇွပ်ဒုက္ခသည်စခန်းမှ ပြည်သူများ လာမည့်မိုးတွင်း ရေဘေးဒုက္ခ ထပ်မံကြုံတွေ့မည့်အရေး စိုးရိမ်

မြစ်ကြီးနား၊ ဇွန် ၅

ဖားကန့်မြို့နယ်၊ ရှုဒူဇွပ်ကျေးရွာ ကေဘီစီစစ်ရှောင်စခန်းတွင်နေထိုင်သည့် ပြည်သူများသည် မိုးရာသီရောက်တိုင်း မိုးကောင်းချောင်းမှ လျှံတက်လာသော ရေဘေးဒုက္ခများကြုံတွေ့နေရသဖြင့် လာမည့်မိုးရာသီအတွက် စိုးရိမ်နေရကြောင်း တာဝန်ခံဆရာလမိုင်မုန်ဂျတ်ဒွဲကပြောသည်။

အဆိုပါ စစ်ရှောင်စခန်းသည် မြေနိမ့်ပိုင်း လယ်ကွင်းနေရာဟောင်းတွင် တည်ဆောက်ထားခြင်းဖြစ်သဖြင့် ရေများအလွယ်တကူဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"ရေက နှစ်စဉ်ကြီးတယ်၊ မနှစ်ကပိုပြီးကြီးတယ်။ အဆောင်ကနိမ့်ပြီးဆောက်ထားတဲ့အတွက်ကြောင့် ရေကြီးရင် အိမ်ထဲအထိ ရေကရောက်တယ်။ ပစ္စည်းတွေကို အပေါ်မှာ မတင်ထားရတယ်"ဟု ဆရာလမိုင်မုန်ဂျတ်ဒွဲက ပြောသည်။

ရေမဝင်နိုင်သည့် ကုန်းပိုင်းနေရာသို့ အဆောက်အဦများ ပြောင်းရွှေ့တည်ဆောက်လိုသော်လည်း မြေနေရာအခက်အခဲရှိနေကြောင်း၊ ယခင်နှစ်များက ချောင်းရေဝင်ရောက်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများလည်း ကြုံတွေ့ခဲ့ရကြောင်း ၎င်းထံမှသိရသည်။

"မြေနေရာအသစ်နဲ့ လယ်ယာလုပ်ငန်းများ လုပ်ကိုင်စားသောက်လို့ရတဲ့ မြေနေရာလိုအပ်တယ်။ ရေရှည်မှာဆိုရင် ရပ်တည်လို့မရဘူး။"ဟု ဒေါ်ခါးတောင်က ပြောသည်။

အဆိုပါ စစ်ရှောင်ဒုက္ခသည်စခန်းတွင် လူဦးရေ ၁၀၀ ကျော်နေထိုင်ပြီး ကူညီထောက်ပံ့မှုများလည်းနည်းပါးနေကြောင်းနှင့်ကျန်းမာရေးအတွက် ဆေးဝါးများလိုအပ်နေကြောင်း သိရသည်။

ဆန်လတ်

---

## အခွန်ကျပ် ဘီလီယံ ၄၀၀၀ကျော်

ယခု ဘဏ္ဍာနှစ်စ ၂၀၁၇ ဧပြီမှ ယခုနှစ်မတ်

ပထမပတ်အတွင်း အခွန်ကျပ် ဘီလီယံ

၄၀၀၀ ကျော် အထိ ကောက်ခံရရှိပြီ ဖြစ်ကြောင်း

ပြည်တွင်းအခွန်များ ဦးစီးဌာနထံမှ သိရသည်။

**Credit ; 7 Day News Journal**

# ဇွန်လ ၂ ရက်နေ့က နေပြည်တော်မင်္ဂလာသီရိဟိုတယ်တွင် **"ဒုက္ခသည်စခန်းများ ပိတ်သိမ်းသွားရန် မဟာဗျူဟာစီမံကိန်း ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ"** တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြက်အေးက ဒုက္ခသည်စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ပြောကြားချက်နှင့်ပတ်သက်ပြီး ကချင်ပြည်နယ် စစ်ရှောင်စခန်းအချို့မှ ပြည်သူတို့၏ တုန့်ပြန်ပြောဆိုသံများ

**ဆန်လတ်**



**ဒေါ်မီတုန်တိန့်နမ်၊**

**မိုင်းနားကေဘီစီစစ်ရှောင်စခန်း၊ (မိုးမောက်မြို့နယ်၊ ဂျာပူရွာမှတိမ်းရှောင်လာသူ)**

နိုင်ငံရေးမကောင်းသေးသရွေ့မပြန်ဘူး။ မငြိမ်းချမ်းသေးသရွေ့ ကိုယ့်ရွာမှာနေမယ်ဆိုရင် သူတို့ပဲရှိနေသမျှ ကာလပတ်လုံး မနေရဲဘူး။ နှစ်ဖက်စလုံး နိုင်ငံရေးမငြိမ်သက်သေးသမျှ ကာလပတ်လုံးတော့ မပြန်နိုင်သေးဘူး။ နှစ်ဖက်စလုံးစိတ်သဘောထား တူညီပြီဆိုရင်တော့ ကျွန်မတို့ပြန်မှာပေါ့။ အချိန်မရွေးပြန်ဖို့ အဆင်သင့်ပဲ။ အခုက နှစ်ဘက်စလုံး ဘယ်သူမှငြိမ်းချမ်းပြီဆိုပြီး လက်မှတ်မထိုးသေးသရွေ့ ရွာကို ပြန်လုပ်ကိုင်စားသောက်ဖို့မရဲဘူး။ ဒါကြောင့် ငြိမ်းချမ်းပြီဆိုပြီး လက်မှတ်ထိုးရင် ပြန်မှာပါ။



**ဒေါ်ဂျာထူ၊**

**မိုင်းနားကေဘီစီစစ်ရှောင်စခန်း**

ဒီနေ့ကျွန်မတို့စစ်ရှောင်တာ ၇နှစ်ရှိပြီ။ ဒီစစ်ရှောင်ဒုက္ခသည်စခန်းမှာ နေနေတဲ့အချိန် အစိုးရကနေ ကျွန်မတို့နေတဲ့ ဒေသမှာ ဘာမှမလုပ်ပေးနိုင်ဘူး။ နိုင်ငံက ငြိမ်းချမ်းရေးလည်း မရသေးဘူး။ စစ်ပွဲလည်းတိုက်နေတယ်။ သေနတ်တွေ လက်နက်ကြီးတွေနဲ့ တိုက်ပွဲဖြစ်နေတယ်။ ကျွန်မတို့ပိုင်ဆိုင်တဲ့ဥစ္စာလည်း ဆုံးရှုံးရတယ်။ အခုလိုဒုက္ခသည်စခန်း ပိတ်သိမ်းပေးလိုက်မယ်ဆိုရင် စစ်ရှောင် ပြည်သူလူထုအတွက် ဘာလုပ်ပေးမလဲ။ အဲ့ဒါစဉ်းစားပေးရမယ်။ ကျွန်မတို့ဒေသရပ်ရွာကိုပြန်ပြီး လုပ်စားနိုင်မလားဆို တဲ့ အရာကို စဉ်းစားပေးရမယ်။ အရမ်းကို စိတ်မပျော်ဘဲ ကိုယ့်အိမ်ကို ချန်ထားခဲ့ပြီးနေနေရတာကို အခုလို ပြန်လုပ်တာဆိုတော့ အစားအသောက်ကအစ သူတို့ဘယ်လို တာဝန်ယူပေးမလဲ။ ငြိမ်းချမ်းမှုကို လုပ်ပေးနိုင်မလားပေါ့။ ပြန်မယ်ဆိုရင်လည်း ကြည့် တရုတ်တွေ ကျွန်မတို့မြေကို ကြိုက်သလိုလုပ်ပြီး ငှက်ပျောစိုက်ပျိုးနေကြတယ်၊ အဲ့ဒါတွေကို ဘယ်လိုလုပ်ပေးမလဲ။



**ဦးမရစ်ယောဟန်၊**

**မိုင်းနားကေဘီစီစစ်ရှောင်စခန်း**

ဒီနေ့ကနေ မင်းတို့ပြန်နိုင်ပြီဆိုတဲ့နေ့ကျရင်ပြန်မယ်။ အခု နိုင်ငံရေးရှုပ်တာက အစိုးရက ရှုပ်နေတာ အစိုးရက စစ်တိုက်နေလို့ မငြိမ်းချမ်းဘူးဖြစ်နေတယ်၊ သူပဲ စစ်ပွဲကို မရပ်စဲရင် ကျွန်တော်တို့ အိမ်ပြန်ဖို့ကြောက်ရတယ်။ အစိုးရကနေ ဘာမှမလိုတော့ဘူး ဆိုရင် ဒီနေ့အကုန်လုံးပြန်နိုင်ပြီ။ ကျွန်တော်တို့ အိမ်တွေပျက်စီးသွားပြီ။ အစိုးရကနေ ပြန်လည်ထူထောင်ရေးလုပ်တဲ့အချိန်မှာလည်း လူမှုအဖွဲ့အစည်း တစ်ခုခုပါဝင်ရမယ် ကိုယ့်ရပ်ကိုယ့်ရွာမှာ နေနိုင်ပြီဆိုတဲ့ အခွင့်အရေးပဲပေးဖို့ လိုတယ်။ ပြန်လည်ထူထောင်ရေးအားလုံးကို အစိုးရက လုပ်ပေးရမယ်။ အာမခံချက်ပေးမယ်ဆိုရင် ကျွန်တော်တို့ပြန်မယ်။



**ဦးဆလာဖား၊**

**မိုင်းနားကက်သလစ်စစ်ရှောင်စခန်း**

ကျွန်တော်တို့ ဒီဒုက္ခသည်စခန်းကို ပိတ်သိမ်းလိုက်မယ်ဟုတ်တယ်။ ဒါပေမဲ့ကျွန်တော်တို့ ဘယ်မှာသွားနေရမလဲ။ ပြန်လည်နေရာချထားရေးလုပ်ပေးနိုင်မလား။ နောက်ဆုံးကွာ. . . အခု ငါတို့ စစ်ရှောင်စခန်းမှာ၇နှစ်ရှိပြီ သူများတွေကိုကျတော့ အိမ်ကောင်းကောင်းဆောက်ပေးတယ်။ ငါတို့ထက်ဆိုးတဲ့ကရင်ပြည်နယ် သူများနိုင်ငံမှာ နှစ် ၄၀ နေနေရတယ်။ ဒီဒုက္ခသည်စခန်း ဖြုတ်မယ်ဆိုရင် ဖြုတ်လို့ရတယ်။ ငါတို့ကို ဘာလုပ်ပေးနိုင်လဲ၊ ဒါမေးရမယ်၊ စစ်ပွဲက သေနတ်ကိုင်ထားတဲ့သူက တစ်ဦးတည်းရပ်လို့မရဘူး။ နှစ်ဦးနှစ်ဘက် ရပ်ရမယ်၊ ငါတို့ဖြစ်စေချင်တာက နှစ်ယောက်စလုံး ပြိုင်တူရပ်စေချင်တယ်၊ တောင်းဆိုချင်တာပေါ့။



**ဦးလဏနော်အောင်၊**

**မိုင်းနားကက်သလစ်စစ်ရှောင်စခန်း၊**

စစ်ရှောင်ဆိုတဲ့ဟာကို ခေါင်းစဉ်လဲလိုက်ပြီး တခြားစီမံကိန်း ချထားပေးနိုင်ဖို့ဆိုရင်တော့ ဖြစ်နိုင်မလားပေါ့။ အဆင်မပြေမှုတွေနဲ့ ပိတ်သိမ်းမယ်ဆိုရင်ပေါ့။ ဒီထက်ပိုဆိုးသွားနိုင်တယ်။ ကျွန်တော်တို့ကလည်းစိုးရိမ်တယ်။ ပိတ်သိမ်းတယ်ဆိုတဲ့နေရာမှာ စစ်ရှောင်ပြည်သူတွေရဲ့ စိတ်သဘောထားကိုရယူရမယ်။ အတင်းအကျပ်ပိတ်သိမ်းမယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ မထင်ဘူး။ အခုအချိန်က ကိုယ့်ဒေသမှာ တိုက်ပွဲတွေလည်းရှိနေတယ်။ ကျွန်တော်တို့စစ်ရှောင် ပြည်သူတွေအများကြီး ခက်ခဲသွားနိုင်တယ်။ ကြိုတင်ပြင်ဆင်မှု အသိပညာပေးမှုတွေမရှိရင် ဆူပူမှုတွေ ဖြစ်လာနိုင်တယ်။ အဲ့လိုတွေလုပ်မယ်ဆိုရင် ပြည်သူလူထုကို အမြင်ဖွင့် အသိပညာတွေပေးပြီး အရင်လုပ်ဆောင်ရမယ်။



**ဦးဆိုင်းခေါင်၊**

**မလိယာန်စစ်ရှောင်စခန်း(နန်ဆမ်ယာန်ရွာမှ တိမ်းရှောင်လာသူ)**

သူတို့လည်း နိုင်ငံတကာဖိအားတွေ တအားခံနေရတယ်၊ စစ်ရှောင်ဒုက္ခသည်စခန်းတွေကို ပိတ်သိမ်းတော့မယ်ဆိုရင် စစ်ရှောင်ပြည်သူတွေရဲ့ အသက်ကို ဘယ်လောက်အထိ အာမခံပေးနိုင်မလဲ။ စစ်ရှောင်ပြည်သူတွေရဲ့ လုံခြုံမှုကို ဘယ်လောက်အ ထိ တာဝန်ခံမှု တာဝန်ယူမှုရှိမလဲ။ အဓိကအချက်က အဲ့ဒါရှိတယ်၊ ဒီကို ပြေးလာရတာက ကျွန်တော်တို့ရဲ့အသက်အိုးအိမ် လုံခြုံမှုမရှိလို့ ပြေးလာရတာ ဖြစ်တယ်။ အခုပိတ်သိမ်းမယ်ဆိုရင် ကျွန်တော်တို့ ဒုက္ခသည်ပြည်သူတွေကို လူ့ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဘယ်လောက်အထိ တာဝန်ယူတာဝန်ခံနိုင်မှုရှိမလဲ။

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၈ - ဇွန် ၁၄ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

ကိုဆွေနှင့် လိမ္မော်သီးတစ်လုံးဆိုသည့်နာမည်ကို ခေတ်ပြိုင်ဝတ္ထု၊ မော်ဒန်ဝတ္ထုစာဖတ်နာသည့် စာဖတ်ပရိတ်သတ်များသိရှိကြပါလိမ့်မည်။ ၁၉၈၀ တစ်ဝိုက် မော်ဒန်စာပေခေတ်တွင် ကိုဆွေသည်လည်း မော်ဒန်ဝတ္ထုတိုတပ်ဦးမှ ပါဝင်ခဲ့သည့် စာရေးဆရာတစ်ဦးဖြစ်ပါသည်။ ယခုစာအုပ်သည် ကိုဆွေ၏ လိမ္မော်သီးတစ်လုံးနှင့် မျှော်တောင်ကုန်း စာအုပ်စုစည်းမှုနှစ်အုပ်နှင့် ကျန်ရှိသော အခြားမဂ္ဂဇင်းများမှ ဝတ္ထုများကို စုစည်းပြီးထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ အခြားကျန်ရှိနေသေးသော ဝတ္ထုများကိုလည်း စုစည်းပြီး အမှတ်(၂)အနေနှင့်ထွက်ရှိရန် ရှိပါသေးသည်ဟု ထုတ်ဝေသူ၏စကားဦးတွင် ဖော်ပြထားပါသည်။




| ကိုဆွေ (ဝတ္ထုတိုများ) |
| --- |
| စာရေးသူ = ကိုဆွေ |
| ထုတ်ဝေသူ= နှစ်ကာလများစာအုပ်တိုက် |
| တန်ဖိုး - ၃၀၀၀ ကျပ် |


"ဟိုးတုန်းကလိုပင် လမ်းချိုးကွေ့တစ်ခု၌ ဆိုက်ကားတစ်စီး ရပ်ထားလျက်။ ဒါပေမဲ့ ကျွန်တော်လမ်းလျှောက်လာတဲ့ ပလက်ဖောင်းဘေးမှာတော့ အမှိုက်တစ်စပင်မရှိ၊ လိမ္မော်သီးလေးရေ မင်းဘယ်မှာလဲ။

အခုတော့တစ်ခုခုကို တမ်းတပေမဲ့ စိတ်အင်အားဟာ တည်ငြိမ်ရင့်ကျက်ခဲ့ပြီ။ ရေစိုနေတဲ့ စာအုပ်တစ်အုပ်လို ဒုက္ခတွေစွတ်စိုလာတဲ့အခါ ဘဝဟာ ပိုမိုလေးလံလာတယ်ဆိုတဲ့ အကြောင်းကိုလည်း ကောင်းကောင်းကြီး သိခဲ့ပြီ။

လူနေအိမ်တွေရဲ့ အမိုးပေါ်မှာ နှင်းတွေဝေလို့ပါလား၊ နှင်းတွေဝေမှဖြင့်ကွယ်။ လိမ္မော်သီးကလေးရေ၊ ကျွန်တော်ဟာ လိမ္မော်သီးကိုချစ်ခဲ့တယ်။ ဒီဇင်ဘာကိုချစ်ခဲ့တယ်။ နှင်းတွေကို ချစ်ခဲ့တယ်။ ပြင်သစ်ပန်းကို ချစ်ခဲ့တယ်။ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော် ချစ်ခဲ့တယ်။

အရောင်ဆိုတာ စားကြည့်လို့မရသလို အချိန်ကိုလည်း ကျွန်တော်မပိုင်စိုးနိုင်ခဲ့။ ဤသို့ဖြင့် နေ့သစ်များသည် မြန်မြန်ကြီး ရောက်လာတော့၏။ မနေ့တစ်နေ့ကလိုပင် သိပ်မကြာလိုက်ဟု တွေးနေရင်း ကျွန်တော်တစ်ယောက်တည်း နှင်းပင်လယ်ပြင်ကြီးကို ကူးဖြတ်နေမိတော့သည်။ ကျွန်တော်နေတဲ့ မြို့ကလေးမှာတော့ ဆောင်းဟာ လှပစွာ ကိုယ်ထင်ပြလာပြန်ပြီ။ မြမှိုင်းသောညမှာစာအုပ်များမှာတစ်ဆင့်သိရသော ဝင်ရိုးစွန်းရာသီဥတုကဲ့သို့ အအေးပိုကဲလာ၏။ အံကို ကြိတ်ကာခံနေပြီပေါ့။ ( စာ - ၃၈ မှ)

ကမ္ဘာကျော်စာရေးဆရာ ပေါ်လိုကွေလို၏ Eleven Minute ကို ဆရာဒီနိုဗိုက ဆယ့်တစ်မိနစ်နာမည်ဖြင့် ဘာသာပြန်ထားသောစာအုပ်ဖြစ်ပါသည်။ ပေါ်လိုကွေလို၏ ယခုစာအုပ်သည် ဘရာဇီးနိုင်ငံမှ အမျိုးသမီး ငယ်လေးတစ်ဦး၏ ဘဝဖြတ်သန်းပုံ၊ မိန်းကလေးသဘာဝ၊ မိန်းကလေးနှင့်ပတ်သက်သည့်အမျိုးသားတို့၏ သဘာဝများကို အမျိုးသမီးကလေးနေရာမှနေ၍ ရေးသားထားခြင်းဖြစ်ပြီး၊ မိန်းမပျိုလေး၏ အချစ်နှင့်လိင်ကိစ္စပေါ် ပြောင်းလဲလာသောအမြင်သဘောထားများ၊ စသည်တို့ကို ထိထိမိမိဖြင့် အသေးစိတ်အတွင်းကျကျ ရေးသားထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ လိင်ကိစ္စအမြင်များကိုလည်း သိမ်သိမ်မွေ့မွေ့ဖြင့် တင်ပြထားကာ ဆရာဒီနိုဗို၏ ဘာသာပြန်အရေးအသားအရသာကိုလည်း အရသာခံနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ အကောင်းကိုရှာ၏ အကောင်းကားမရှိတော့ဆိုသော ဆရာဒဂုန်တာရာ၏ မေဝတ္ထုကို အမှတ်ရစေနိုင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။




| ဆယ့်တစ်မိနစ် Eleven Minutes |
| --- |
| စာရေးသူ = ဒီနိုဗိုပြန်ဆိုသည် |
| ထုတ်ဝေသူ= ကံ့ကော်ဝတ်ရည်စာပေ |
| တန်ဖိုး - ၄၂၀၀ ကျပ် |

"မာရီယာကတော့ ရတနာစွန့်စားရှာဖွေသူဘဝကို ရွေးချယ်ခဲ့တယ်။ သူမရဲ့ခံစားမှုတွေဘာတွေကို ဘေးချိတ်၊ညစ်ဉ်ငိုနေတာကိုရပ်လိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် အရင်က ဘယ်သူဘယ်ဝါဆိုတာ လုံးလုံးမေ့ထားလိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် အခုမှမွေးလာတဲ့ လူတစ်ယောက်လို ဘယ်သူ့ကိုမှ လွမ်းဆွေးနေစရာ မလိုတဲ့ပုံမျိုးဖမ်းဖို့ သူမမှာစိတ်ဓာတ်ခွန်အားအပြည့်ရှိတာ တွေ့ရတယ်။

ခံစားတာက နောက်မှ ခံစားလို့ရတယ်။ အခု သူမလိုနေတာက ပိုက်ဆံနည်းနည်းရှာဖို့၊ ဒီတိုင်းပြည်အကြောင်းသိဖို့နဲ့ အောင်ပွဲနဲ့အတူ အိမ်ပြန်နိုင်ဖို့ပဲ။

ဒီအပြင် သူမပတ်ဝန်းကျင်က အကြမ်းဖျဉ်းပြောရရင် ဘရာဇီးနဲ့သိပ်တူတယ်။ အထူးသဖြင့် သူမရဲ့ဇာတိမြို့လေးလိုပဲ။ မိန်းမတွေက ပေါ်တူဂီလိုပြောကြတယ်၊ စွာကျယ်စွာကျယ်နဲ့ ယောက်ျားတွေအကြောင်း အတင်းချကြတယ်။ အလုပ်ချိန်များလို့ ညည်းညူကြတယ်။ ကလပ်ကို နောက်ကျပြီးမှ ရောက်လာကြတယ်။ သူဌေးကို ကလန်ကဆန်လုပ်ကြတယ်။ သူတို့ကိုယ်သူတို့ကမ္ဘာမှာ အလှဆုံးမိန်းမတွေလို့ထင်ကြတယ်။ သူတို့ရွှေမင်းသားလေးတွေအကြောင်း ပြောကြတယ်။ များသောအားဖြင့် သူတို့ရဲ့ မင်းသားလေးတွေက မိုင်ပေါင်းများစွာဝေးတဲ့ အရပ်မှာဖြစ်ရင်ဖြစ်၊ မဟုတ်ရင် အိမ်ထောင်ရှိပြီးသား၊ ဒါမှမဟုတ်လည်း ဘိုင်ကျလို့ သူတို့ကိုလာကပ်စားနေတဲ့သူတွေပဲ ဖြစ်နေတတ်တယ်။ (စာ-၅၁ မှ)

## ကဗျာကဏ္ဍ

### ရင်ထဲကအိမ်

အရောင်မတင်ထားပါဘူး
တောက်ပနေတဲ့
နှလုံးသားတွေဟာ လင်းလို့

ခေတ်မမီပေမယ့်
အိမ်လေးမှာ ထည်ဝါခြင်းတွေပြည့်လို့

တစ်ယောက်လဲကျရင်
တစ်ယောက်ရဲ့ ဖေးကူလက်
ကမ္ဘာကိုစိန်ခေါ်ရဲပါတယ်

တစ်ယောက်ကဖေးမရင်
တစ်ယောက်ရဲ့ကျေးဇူးတင်စကား
ရင်ထဲစွဲမှတ် အားဖြစ်ပါရဲ့

မိုးလင်းတာနဲ့
လွင့်ဝဲလာတဲ့ ဘုရားဝတ်ပြုသံဟာ မင်္ဂလာပဲ

မီးဖိုချောင်က
နေ့စဉ်ထမင်းနဲ့ဟင်းအငွေ့တွေဟာ
အခုထိ တာဝန်ကျေလွန်းတဲ့
ဂရုဏာလက်နဲ့ချစ်ခြင်းမေတ္တာပါပဲ

ကျင့်ဝတ်တရားကိုယ်စီနဲ့
ရှင်သန်ခြင်းဟာ ကျက်သရေပဲ

ကိုယ်ချင်းစာတရားနဲ့
ရိုးသားခြင်းများ ထွန်းကားနေတဲ့အိမ်
ဘယ်ချိန်ခိုနားနား
အမောပြေအားအင်တွေပြည့်လို့
ချစ်စရာတွေ လက်လက်ထနေတဲ့အိမ်
ငါတို့အတွက် မေတ္တာတရားနဲ့အိမ်
မြတ်နိုးတန်ဖိုးထားစရာများနဲ့အိမ် အိမ် အိမ်။ ။

အလင်း(မြစ်ကြီးနား)

## အမည်ပြောင်းအသိပေးကြေညာခြင်း

ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့ ဆငါပါကျေးရွာတွင်
နေထိုင်သော အဖ ဦးလဆိုင်း၊ အမိဒေါ်လုတ်လွေတို့၏သား
အ.မ.က (မူလွန်) အဌမတန်းအောင်မြင်သော
မောင်ဆွတ်မိုင်တူး၏ မွေးသက္ကရာဇ်အမှန်မှာ
(၁၅.၅.၂၀၀၄) ဖြစ်ပါကြောင်း
အသိပေးကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ အထက (၂) ကျောင်းတွင်
စတုတ္ထတန်း(B)တွင်တက်ရောက်နေသော မဇူးဇူးအောင်
၏မိခင်အမည်မှာ ဒေါ်နွဲ့ယဉ်ဝင်းဟု မှားယွင်းနေသော
ကြောင့် အမည်ရင်းမှန်မှာ ဒေါ်ယဉ်ယဉ်အေး
၅/အရတ(နိုင်) ၀၇၀၂၃၈ ဖြစ်ကြောင်း
အသိပေးကြေညာအပ်ပါသည်။

# တစ်ရက်လျှင် မျက်စိဝေဒနာရှင်သုံးရာကျော်ကို အခမဲ့ကုသပေး



မြစ်ကြီးနားသီတဂူ စက္ခုဒါနဆေးရုံရှေ့တွင် ဆေးကုသရန်စောင့်ဆိုင်းနေ ဓါတ်ပုံ- ဆိုင်း(ကချင်မြေ)

မြစ်ကြီးနား၊ ဇွန် ၅

မြစ်ကြီးနားမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များကို တစ်ရက်လျှင် အယောက်သုံးရာကျော်ခန့် အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း ဇွန်လ ၅ ရက်က သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်လူနာများကို တောင်ကိုရီးယားမှ လာရောက်သောဆေးအဖွဲ့နှင့် သီတဂူစက္ခုဒါနဆေးရုံတွင် ငါးရက်ကြာခန့် အခမဲ့ကုသပေးနေခြင်းဖြစ်ကြောင်း မြစ်ကြီးနားသီတဂူစက္ခုဒါနဆေးရုံမှ အတွင်းရေးမှူး ဦးမြင့်ဝေက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

စပွန်ဆာက တောင်ကိုရီးယားကအဖွဲ့ပေါ့။ အကုန်ကျခံပြီးကုသပေးတာပေါ့။ သီတဂူဆရာတော်ကြီးနဲ့ ချိတ်ဆက်ပြီး ဒီဆေးရုံမှာလာကုသပေးတာ။ ပြည်နယ်အစိုးရအဖွဲ့ကရော။ ပြည်နယ်ကျန်းမာရေးကရော လာကူညီတယ်။ ကျွန်တော်တို့ကတော့ လူနာတွေကိုမနက် ၈ နာရီကနေ မှတ်ပုံတင်စာအုပ်တွေလုပ်ပေးတယ်။ ခွဲတာတွေကိုတော့ လက်ခံထားတဲ့ လူနာတွေ မပြတ်မချင်း ခွဲစိတ်ကုသပေးပါတယ်။ တစ်နေ့ ခေါ်ထားတဲ့လူနာတော့ ပြတ်အောင်ကုသပေးပါတယ်။ သူတို့က အဓိက ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို စစ်ဆေးစမ်းသပ်ပေးဖို့အတွက်ပါ။ အဓိက အတွင်းတိမ်တွေကို ခွဲစိတ်ပေးတာပေါ့။ဓ ဟု ဦးမြင့်ဝေက ရှင်းပြသည်။

အဆိုပါကုသမှုတွင် နယ်ဝေးမှ လာရောက်သူများကို တည်းခိုရန်နေရာ စီစဉ်ပေးခြင်း၊ မနက်၊ နေ့၊ ည အစားအသောက်များကျွေးမွေးခြင်းများလည်းပြုလုပ်ခဲ့ကာ တစ်ရက်လျှင် ကန့်သတ်လူဦးရေ သုံးရာထက်ကျော်လွန်၍ ကုသပေးခဲ့ရကြောင်းလည်း ဦးမြင့်ဝေက ပြောသည်။

"မျက်စိလုံးဝမမြင်တဲ့ အတွင်းတိမ်လူနာတွေကို အဓိကထားကုမယ်။ လောလောဆယ် သူတို့ပြောတဲ့ အတိုင်း လူနာသုံးရာလောက်ကြည့်ပေးမယ်။ လက်ခံတယ်။ ဒါပေမယ့် တကယ်တမ်းက လူနာတွေကတအားများနေတော့ သူတို့လည်း တတ်နိုင်သလောက် ကုသပေးနေပါတယ်။ ရပ်ဝေးကရောက်လာတဲ့လူနာတွေ ခွဲစိတ်ကုသပေးရမယ့်လူနာတွေရှိရင်လည်း ကုသပေးနေပါတယ်။ တစ်ပြည်နယ်လုံးက မျက်စိဝေဒနာရှင်တွေကိုလည်း ခေါ်ထားတယ်။ ဝေးလံတဲ့ ပူတာအိုဒေသကလူတွေ တနိုင်းဒေသကလူတွေ ပါတယ်"ဟု ဦးမြင့်ဝေက ပြောသည်။

မျက်စိကုသမှုကို ဇွန်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ လက်ခံကုသပေးခဲ့ကြောင်းသိရပြီး ခွဲစိတ်လူနာများကိုမူ ၈ ရက်နေ့အထိ နောက်ဆုံးထား ကုသပေးခဲ့ကြောင်းလည်း သိရသည်။

ဆိုင်း(ကချင်မြေ)

# ဖားကန့်လောင်းကစားဝိုင်းများ ညအချိန်ပြုလုပ်၍ ဖမ်းဆီးရန်အခက်တွေ့ဟု မြို့နယ်အုပ်ချုပ်ရေးမှူးပြော

မြစ်ကြီးနား၊ ဇွန် ၅

ဖားကန့်ဒေသတွင် တရားမဝင်ပြုလုပ်နေသည့် လောင်းကစားဝိုင်းများကို သက်ဆိုင်ရာနှင့် ပူးပေါင်းကာ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

ယင်း လောင်းကစားဝိုင်းများသည် ညအချိန်တွင် ပြုလုပ်လေ့ရှိသောကြောင့် သက်ဆိုင်ရာအနေဖြင့် ဖမ်းဆီးအရေးယူနိုင်ရန် ခက်ခဲနေသည်ဟုလည်း ဦးကျော်စွာအောင်က ပြောသည်။

"တရားဝင်ခွင့်ပြုထားတာတော့ မရှိဘူး။ ညပိုင်းခိုးလုပ်တာတွေတော့ ရှိတယ်။ ညပိုင်းဆင်းဖမ်းဖို့တော့ စီမံချက်နဲ့ လုပ်ခိုင်းထားတာ ရှိတယ်။ လောင်းကစားဝိုင်းဆိုတာ တရားဝင်လုပ်ငန်းလည်း မဟုတ်တော့ ခွင့်ပြုလို့လည်းမရဘူး။ အားနည်းချက်ကတော့ ညပိုင်းပဲထွက်ပြီး မသွားနိုင်တာပေါ့" ဟုဦးကျော်စွာအောင်ကရှင်းပြသည်။

အထက်ပါကိစ္စနှင့် ပတ်သက်ပြီးဖားကန့်မြို့နယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းက တရားမဝင်လောင်းကစားလုပ်ငန်းများကို အခြားအိမ်နီးချင်းနိုင်ငံများကဲ့သို့ သတ်မှတ်ချက်နှင့်ကန့်သတ်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ ပြည်နယ်လွှတ်တော်တွင်မေးမြန်းခဲ့ရာ ဖွင့်လှစ်ခွင့်ပြုရန် မဖြစ်နိုင်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

"တရားဝင်လားဆိုတော့ မဝင်ဘူး။ တရားဝင်ရင် နိုင်ငံတော်က အခွန်တွေရရှိမှာလေ။ နီးစပ်ရာတွေကနေ ငွေကြေးတွေကောက်ခံပြီး လုပ်နေတဲ့အခါကျတော့ နိုင်ငံတော်ဘဏ္ဍာအလေအလွင့်ဖြစ်ရတဲ့အတွက်ကြောင့် တရားဝင်လုပ်ပေးဖို့ ပြောတာ။ ဝန်ကြီးတွေကတော့ မရှိဘူးလို့ ဖြေတာပေါ့" ဟု ဦးလဆိုင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဆက်လက်ပြီး ယင်းလုပ်ငန်းများသည် နိုင်ငံ၏မည်သည့်ဥပဒေနှင့်ငြိစွန်းကြောင်း၊ လက်ရှိဖြစ်ပျက်နေသည့် မြေပြင် အခြေအနေများကို မည်သို့မည်ပုံ ဆောင်ရွက်သွားမည် သိရှိလိုကြောင်း ထပ်မံမေးမြန်းခဲ့သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားခြင်း မရှိခဲ့ကြောင်း ဦးလဆိုင်းက ထပ်မံပြောသည်။

ဖားကန့်မော်ဒေသတွင် မူးယစ်ဆေးဝါး၊ ငါးမန်းဂိမ်း၊ မာဆတ်နှင့် အနှိပ်ခန်းများ ပေါများလျက်ရှိပြီး လက်ရှိအချိန်တွင် လောင်းကစားဝိုင်း တစ်ရာခန့်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

စည်သူ(မြစ်ကြီးနား)


Movie View

**ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

မြစ်ကြီးနားမြို့ ဧရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၈ - ၆ - ၂၀၁၈ မှ ၁၄ - ၆ - ၂၀၁၈ အထိ
မြန်မာကားကို နေ့လယ် ၁၂ နာရီမှာတစ်ကြိမ်၊ ၇ နာရီခွဲမှာတစ်ကြိမ် - **သားပိုက်ကောင်**
မြန်မာကား ညနေပိုင်း ၃ နာရီခွဲတွင် - **ဥပါဒါန်**

၈.၆.၂၀၁၈ **ရက်မှစတင်၍တစ်ပြည်လုံးပြသတော့မည်။**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# တက္ကသိုလ်ဝင်တန်းအောင်စာရင်း အနှစ်ချုပ်

မြစ်ကြီးနား၊ ဇွန် ၂

ဇွန်လ ၂ ရက်နေ့က ထုတ်ပြန်လိုက်သော ၂၀၁၇-၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းတွင် ကချင်ပြည်နယ်က အောင်ချက်ရာခိုင်နှုန်း ၃၀ ကျော်ဖြင့် တိုင်းနှင့်ပြည်နယ်များထဲတွင် အဆင့် ၁၁ နေရာ၌ ရပ်တည်ခဲ့သည်။

စာစစ်ဌာနပေါင်း ၆၇ ခုတွင် ကျောင်းတွင်း၊ ကျောင်းပြင်ဖြေဆိုရန်လျှောက်ထားသူ ၃၅၀၀၀ ကျော် အနက်မှ ၃၃၂၀၂ ဦး ဖြေဆိုခဲ့ကြရာ ၉၉၇၄ ဦး အောင်မြင်ခဲ့ပြီး ၂၃၂၃၈ ဦး ကျရှုံးခဲ့သည်။

ဂုဏ်ထူးရရှိမှုမှာ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ငါးဘာသာ ၃၁ ဦး၊ လေးဘာသာ ၇၁ ဦး၊ သုံးဘာ သာ ၂၂၉ ဦး၊ နှစ်ဘာသာ ၄၂၄ဦး၊ တစ်ဘာသာ ၂၃၄၀ ဦး၊ စုစုပေါင်းဂုဏ်ထူးရှင် ၃၁၀၅ ဦး ပေါ်ထွန်းခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးကို မြစ်ကြီးနားမြို့နယ်မှ ၇ ဦး၊ မိုးကောင်းမြို့နယ်၊ နမ္မတီးအထကမှ တစ်ဦးနှင့် မိုးညှင်းမြို့မှ နှစ်ဦး ဆွတ်ခူးခဲ့ကြသည်။

၂၀၁၇ - ၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုသည် ယခင် ၂၀၁၆ - ၁၇ ပညာသင်နှစ် အောင်ချက်နှင့်နှိုင်းစာလျှင် သိသာစွာထူးခြားမှုမရှိခဲ့ပါ။ ၂၀၁၆ - ၁၇ ပညာသင်နှစ်က ကချင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် ၃၀၆၃၇ ဦး ဖြေဆိုခဲ့ကြရာ ၉၂၀၇ ဦး အောင်မြင်ခဲ့ပါသည်။

စာစစ်ဌာန ၆၇ ခုအနက်မှ ကျောင်းအလိုက် အောင်ချက်ရာခိုင်နှုန်းမှာ ဗန်းမော်မြို့နယ်မှ ၃၁၉၃ ဖြေ၊ ၁၁၁၈ အောင်ကာ အောင်ချက် ၃၅ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံးမြို့နယ် ဖြစ်ခဲ့သည်။


၂၀၁၈ ခုနှစ် တကသိုလ်ဝင်တန်း အောင်စာရင်း ကြည့်ရှုနေကြစဉ် ဓါတ်ပုံ-ဆိုင်း(ကချင်မြေ)

နောင်မွန်း မြို့နယ်တွင် ၁၀၂ ဦးဖြေ ၄ ဦးအောင်၊ ဆွမ်ပရာဘွမ်မြို့နယ်တွင် ၆၇ ဦးဖြေ ၆ ဦးအောင်၊ ဆော့လော်မြို့နယ်တွင် ၁၆ ဦးဖြေ ၁ ဦး အောင်၊ ခေါင်လန်ဖူးမြို့နယ်တွင် ၂၃ ဖြေ (ဇန်ယော-အထက) ၁ ဦးအောင်ခဲ့ကြသည်။ ယခင်နှစ်များကအောင်မြင်မှုမရှိခဲ့သော ခေါန်လန်ဖူးနှင့် ဆော့လော်မြို့နယ်များတွင်ယခုနှစ်အောင်မြင်သူတစ်ဦးစီ ထွက်ပေါ်လာသည်။

ယခုနှစ်တွင် ကချင်ပြည်နယ်မှဂုဏ်ထူးရအရေအတွက်မှာ တစ်ဘာသာဂုဏ်ထူးရှင် ၂၃၄၀ ဦး၊ နှစ်ဘာ သာဂုဏ်ထူးရှင် ၄၂၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၇၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၁၀၅ ဦး ပါဝင်သည်။ ယခင်နှစ်ကထက် ဂုဏ်ထူးရှင်ပေါင်း ၂၀၆၅ ဦး ထွက်ခဲ့သည်။

ထိုဂုဏ်ထူးထွက်ရှိသည့် စာရင်းများအရ ဘာသာစုံအများဆုံးထွက်သည့်မြို့မှာ မြစ်ကြီးနားမြို့နယ်မှ ၇ ဦးရှိပြီး တစ်ဘာသာဂုဏ်ထူးရှင်တွင် ၅၀၅ ဦးဖြင့် မိုးညှင်းမြို့နယ်မှ အများဆုံးထွက်ရှိခဲ့ကြပါသည်။

ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိမှုမှာ မြန်မာစာ ၈၀ ဦး၊ အင်္ဂလိပ်စာ ၃၆ ဦး၊ သင်္ချာ ၃၅၅ ဦး၊ ဓာတုဗေဒ ၅၂၂ ဦး၊ ရူပဗေဒ ၁၂၈ ဦး၊ ဇီဝဗေဒ ၆၀၀ ဦး၊ ပထဝီဝင် ၃၀၁ ဦး၊ သမိုင်း ၂၂၅ ဦး၊ ဘောဂဗေဒ ၂၀၂၇ ဦး စုစု ပေါင်း ၄၃၇၄ ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ရရှိသော စာရင်းဇယားများအရ သိရသည်။

ပူတာအိုခရိုင်မှအောင်မြင်ခဲ့သူ ၃၃၃ ဦးအနက် ၁၃၈ ဦး ဂုဏ်ထူးရရှိခဲ့ကြခြင်းသည် ယခုနှစ်၏ ထူးခြားမှုဖြစ်သည်။

"အဓိကကတော့ ကျောင်းသားတွေရဲ့နာခံမှုလိုမယ်လို့ ထင်ပါတယ်။ ကျောင်းမှာက စနေနေ့တို့၊ တနင်္ဂနွေနေ့တို့မှာ အချိန်ပိုတွေ ခေါ်သင်တော့လည်း လာတာမျိုးမရှိဘူးလို့ ဆရာတို့သိရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေကိုယ်တိုင်က မကြိုက်တာမျိုးလည်း ရှိနေတယ်"ဟု ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲအောင်က ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အမှတ်အများဆုံးရရှိသူ ၁၀ ဦးစာရင်းတွင် ဖားကန့်မြို့နယ်၊ တာမခံအထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးရှင် မဇင်မာလွင်က ဝိဇ္ဇာတွဲတွင် ရမှတ်ပေါင်း ၄၈၁ ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ ဆဋ္ဌမအဆင့်စာရင်းဝင်ခဲ့သည်။ တာမခံကျောင်းက မြန်မာနိုင်ငံအဆင့် ချိတ်ခဲ့သည်မှာ ဒုတိယအကြိမ်မြောက်ဖြစ်သည်။

"ဂုဏ်ထူးထွက်တဲ့ကျောင်းသူကလည်း သူကိုယ်တိုင်ကြိုးစားလို့။ တော်လို့လည်း ဟုတ်တယ်။ နောက်ပြီး အဲဒီကျောင်းက သင်တဲ့ဆရာ၊ ဆရာမတွေကလည်း တကယ်တော်လို့ပါပဲ။ နှစ်နှစ်ဆက်တိုက် အဲဒီကျောင်းကရမယ်ဆိုတာ မထင်ထားပါဘူး"ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းနွဲ့က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကချင်ပြည်နယ်အတွင်းမှ ကျောင်း ၁၂ ကျောင်းမှာ အောင်မြင်သူမရှိခဲ့ပေ။ ထိုကျောင်းများမှာ ဝိုင်းမော်မြို့နယ်မှ ကန်ပိုင်တည်အထကနှင့် အောင်မြေ(၁)အထကခွဲ၊ တနိုင်းမြို့နယ်မှ တိန်ကောက်အထကခွဲ၊ ချီဖွေမြို့နယ်မှ နိုဇွန်ဘော်အထကခွဲ၊ မိုးညှင်းမြို့နယ်မှ ချောင်းဝ အထက၊ ဖားကန့်မြို့နယ်မှ ကံဆီးအထကခွဲနှင့် မော်ဆီဇာအထကခွဲ၊ ဗန်းမော်မြို့နယ်မှ သိန်းတော်အထကခွဲ၊ ရွှေကူမြို့နယ်မှ မြို့လှအထက၊ မချမ်းဘောမြို့နယ်မှ နန်းခမ်းအထကခွဲ၊ နောင်မွန်မြို့နယ်မှရပ်ဘော့အထကခွဲကျောင်းနှင့် ခေါင်လန်ဖူးမြို့နယ်မှ ခေါင်လန်ဖူးအထကကျောင်းတို့ ဖြစ်သည်။

ထို့အပြင် ကချင်ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများ၏ အောင်ချက်ရာခိုင်နှုန်းတွင် ကျောင်းသားဦးရေ ၁၀၀ အထက်ရှိသောကျောင်းများအနက် ဗန်းမော်မြို့မှ စံကိုယ်ပိုင်အထက်တန်းကျောင်းက ၁၂၄ဦးဖြေ ၉၅ ဦး အောင်မြင်ကာ ၇၇ ဒသမ ၈၃ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

ကျောင်းသားဦးရေ ၁၀၀ အောက်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများထဲတွင် အောင်ချက်ရာခိုင်နှုန်း ၇၃ ဒသမ ၆၁ ရာခိုင်နှုန်း ရရှိသော မြစ်ကြီးနားမြို့မှ All Star ကိုယ်ပိုင်အထက်တန်းကျောင်းက အောင်ချက်အကောင်းဆုံးဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ ထုတ်ပြန်ကြေညာထားပါသည်။

မြန်မာတစ်နိုင်ငံလုံးတွင် စာမေးပွဲဖြေဆိုသူ ၇၈၉၈၄၅ဦး ရှိသည့်အနက် ၂၅၉၁၉၁ ဦး အောင်မြင်ပြီး ၅၃၀၆၅၄ ဦး ကျရှုံးကာ အောင်ချက် ၃၃ ရာခိုင်နှုန်းနီးပါး ရရှိသည်။

ဆိုင်း (ကချင်မြေ)

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှ မှတ်တမ်းဓာတ်ပုံများကို စုဆောင်းဖော်ပြနေသော EverydayKachin လူမှုကွန်ယက်

Everyday kachin ဟာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှ မှတ်တမ်းဓာတ်ပုံများကို စုဆောင်းဖော်ပြနေသော လူမှုကွန်ရက်တစ်ခုဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ အသစ်အသစ်သောဓာတ်ပုံများကို ဒေသခံဓာတ်ပုံပညာရှင်များမှ အများစုကိုဖော်ပြပြီး အနည်းစုကိုနိုင်ငံတကာအနုပညာရှင်များထဲမှ ဖော်ပြနေပါသည်။

ဤကဲ့သို everday ဆိုတဲ့ခေါင်းစဉ်ဖြင့် သတင်းပြသမှုသည် ကမ္ဘာတစ်ဝန်းတွင် အလွန်ပင်ရေပန်းစားပြီး Follower ပေါင်း ၃ သိန်းအထက်တွင် ရှိပါသည်။ ထိုကဲ့သို့ everyday kachin ကွန်ရက်လည်း ပျံ့နှံ့လာဖို့ မျှော်လင့်ပါသည်။ အဘယ့်အတွက်ကြောင့်ဆိုသော် ကမ္ဘာအရပ်ရပ်မှ လူအများသည် everyday kachin page ကို ကြည့်ချင်းအားဖြင့် မြန်မာနိုင်ငံမှ ကချင်ဒေသသည် မည်သို့ဖြစ်သနည်း ကိုယ်မရောက်ဖူးသော်လည် သိရှိနိုင်မည်ဖြစ်ပါသည်။

ယခုဆိုလျှင် everyday kachin page ဟာ အချိန်တိုတွင်းမှာ everyday myanmar pagexur follower ပို၍ပိုင်ဆိုင်ထားပါသည်။

https:// www.instagram.com/everydaymyanmar_/

Everyday kachin Page ကို facebook နှင့် Instgram လူမှုကွန်ရက်များမှတစ်ဆင့် follow လုပ်နိုင်ပြီး ပါဝင်သောဓာတ်ပုံပညာရှင်နှင့် အခြားအသေးစိတ် အချက်များကိုတော့ webpage မှတစ်ဆင့် သိရှိနိုင်ပါသည်။ webpage မှာ www.everydaykachin.com ဖြစ်ပါသည်။

အရည်အသွေးကောင်းသော ကချင်ပြည်နယ်ဒေသမှ ဓတ်ပုံများကိုသာ Everyday kachin မှ ဖော်ပြပါသည်။ Everyday kachin ၏ ပြပွဲကို auto bar နှင့် bum masha bar များတွင် နှစ်ကြိမ်တိုင် ပြသပြီးပြီဖြစ်ပါသည်။ အနာဂတ်တွင်လည်း ဓာတ်ပုံ၊ စာအုပ်နှင့် ပြပွဲများ ပြုလုပ်ဖို့ရှိပါသည်။

သင်၏ အရည်အသွေးကောင်းသော ဓာတ်ပုံများပေးပို့လိုပါက submit@everydaykachin.com သို့ Uemail ဖြင့် ပေးပို့နိုင်ပါသည်။ everyday kachin မှ ဓာတ်ပုံများကို သင်၏လူမှုကွန်ရက်တွင် ဖြန့်ဝေခြင်းဖြင့် နိုင်ငံတကာသို့ပြသသောကွန်ရက်ဖြင့် ကျွန်ုပ်တို့နှင့်ပူးပေါင်းရန် ဖိတ်ခေါ်ပါသည်။

everyday kachin မှ တာဝန်ခံများကတော့ Ryan Libre နှင့် lashilabya tawng din ဖြစ်ပြီး Documentary Art Asia မှ တင်ဆက်ပါသည်။

# ပြည်နယ် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနတွင် ခြေတုလက်တု အခမဲ့လာရောက်တပ်ဆင်နိုင်

မြစ်ကြီးနား၊ ဇွန် ၁



ကချင်ပြည်နယ်အတွင်းမှ ခြေလက်ပြတ်တောက်နေသူများအား မြစ်ကြီးနားဆေးရုံကြီး၊ ပြည်နယ်ကိုယ်ကာယပြန်လည် သန်စွမ်းရေးဌာနတွင် ခြေတု၊ လက်တုများ အခမဲ့ တပ်ဆင်ပေးနေသဖြင့် မည်သူမဆိုလာရောက် တပ်ဆင်ကြရန် ယင်းဌာနကနှိုးဆော်ခဲ့သည်။

ထိုသို့ကုသရာတွင် အချိန်နှစ်ပါတ်မှ သုံးပါတ်အထိကြာမည်ဖြစ်ပြီး ကုသခံယူမည်လူနာများအနေဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးက ပြင်ပလူနာဌာနတွင် ဆေးမှတ်တမ်းစာအုပ်ပြုလုပ်ကာ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနသို့ လာရောက်ကုသခံရမည်ဖြစ်ကြောင်း သိရသည်။

"လက်ကိုတော့ ဒီနှစ်ဧပြီလလယ်လောက်ကပဲ စလုပ်တာဆိုတော့ တွင်တွင်ကျယ်ကျယ် မလုပ်နိုင်သေးဘူး။ အသုံးပြုလို့ တော့မရဘူး။ အလှလုပ်ပေးလိုက်တာပါ။ အတုတပ်ထားသလိုမဖြစ်အောင် ကိုယ့်အသားနဲ့တူတဲ့အရောင်နဲ့လုပ်ပေးပါတယ်။ ခြေထောက်ကိုတော့ ဒူးအထက်၊ ပေါင်လောက်အထိလုပ်ပေးနေပါတယ်"ဟု ကချင်ပြည်နယ်ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနမှ ဦးအောင်ခင်ကပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ ခြေလက်မသန်စွမ်းသူများအနေဖြင့် အဆိုပါဌာနမရှိခင်က မန္တလေးသို့ သွားရောက်ကုသခဲ့ရာ လမ်းခရီးအတွင်း အခက်အခဲများကြုံတွေ့ခဲ့ရသဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက်မှစတင်ကာ ကချင်ပြည်နယ်တွင်ဖွင့် လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဌာနဖွင့်လှစ်ပြီးနောက် မိုင်းကြောင့်ထိခိုက်သူ ၅၀ ဦး၊ Accdient ဖြစ်ပြီး ရောက်ရှိသူ ၅၉ ဦး၊ ရောဂါကြောင့်ရောက်ရှိသူ ၃၂ ဦး၊ အသေးစားပြုပြင်မှု ၃၂ ဦးတို့ကို ကုသပေးခဲ့ကာ တပ်မတော်သားနှင့်စစ်မှုထမ်းဟောင်းများ၊ အခြားတပ်ဖွဲ့ဝင် ၃၆ ဦးနှင့် အရပ်သား ၁၇၇ ဦးရှိကြောင်းနှင့် လာရောက်ကု သခံယူသူများ ကို နင်းတို့လို အပ် သည့် အကူ ကိ ရိယာ ၈၀၊ Wheel Chair ၆ ယောက်တို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေးလံသည့်ဒေသမှ လာရောက်ကုသသူများကို ICRC မှကုန်ကျစရိတ် ထုတ်ပေးမည်ဖြစ်ကာ ကုသခံမှုခံယူနေစဉ် ကုန်ကျစရိတ်ကိုလည်း ဆေးရုံမှ ကျခံသွားမည်ဖြစ်ကြောင်း၊ အိပ်ယာ၊ စောင်၊ ခေါင်းအုံးများလည်း ယူဆောင်လာရန်မလိုဘဲ၊ မနက်စာကိုICRC၊ နေ့လယ်စာနှင့်ညနေစာကို ဆေးရုံက ကျွေးသွားမည်ဖြစ်ကြောင်း၊လူနာစောင့်တစ်ယောက် ခေါ်ဆောင်လာရမည် ဆိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့်မပါခဲ့ပါက ဆေးရုံမှအစောင့် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က သူတို့ဆေးရုံဆင်းတဲ့အခါမှာ ဆေးရုံဆင်းလက်မှတ်ပေးပြီးတော့ သူတို့ကို ဆေးရုံအတွက် အကြံပြုချက်တွေရေးခိုင်းပါတယ်။ များသောအားဖြင့်တော့ စိတ်ချမ်းသာစွာနဲ့ ပြန်သွားတာပဲများကြပါတယ်။ လူနာတွေစိတ်ချမ်းသာတော့ တကယ်စိတ်ချမ်းသာပါတယ်"ဟု ဦးအောင်ခင်က ဆက်လက်ပြောသည်။

ယခုနှစ် မေလ ၃၁ ရက်အထိ ခြေတုပေါင်း ၁၄၆၆ ချောင်းနှင့် လက်တု ၂ ချောင်းတို့ကို တပ်ဆင်ပေးခဲ့ပြီး နောက်ထပ်တက်ရောက်လိုသူများသည် ကိုယ်ကာယ ပြန်လည်တွတ်သန်စွမ်းရေးဌာနသို့ ရုံးဖွင့်ချိန်အတွင်း ဖုန်းနံပတ် ၀၇၄ ၂၅၂၄၂၁၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မွန်းမွန်းပန်


## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |

## ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

**မနောရွှေစင် တိုင်းရင်းရိုးရာအထည်ဆိုင်**
ဝန်ထမ်း မ(၂)ဦး အလိုရှိသည်။

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

**ရွှေရုပ်လှ Beauty Saloon**
အမျိုးသမီးဝန်ထမ်း (၁၀)ဦး

**ဥမ္မာဖိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၇၃၃၂၊
၀၉ ၇၆၇၁၇၅၆၀၆
အသက် ၁၈ နှစ်အထက်ဖြစ်ရမည်။

**မယ်မဒီ**
စက်ချုပ်ကျွမ်းကျင်
မ (၅) ဦးအလိုရှိသည်

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**Amazing View**
အမျိုးသမီးဝန်ထမ်း
အလိုရှိသည်။

**Grace Beauty Spa**
ဝန်ထမ်း မ (၁)
ဦးအလိုရှိသည်။
၀၉-၇၇၄၇၃၆၅၀၁

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Ah Fang (Beauty Saloon)**
ဝန်ထမ်းအလိုရှိသည်။

❑ အလုပ်အကိုင်ရှာဖွေနေသူများ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။


## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632, 09 793805866, 0979195573

**(၃) မလိခွပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 0944844404, 09456301116, 09789438465

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

## Airport Taxi ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၁၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၁၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၁၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

မြစ်ကြီးနားသတင်းဂျာနယ်
(ဇွန် ၈ - ဇွန် ၁၄၊ ၂၀၁၈)

# လွှတ်တော်ကိုယ်စားလှယ်များ အမေးနှင့် ပြည်နယ်ဝန်ကြီးများရဲ့ အဖြေ



အစိုးရသက်တမ်း နှစ်နှစ်ပြည့်ပြီးတဲ့နောက် ကချင်ပြည်နယ်လွှတ်တော်မှာ အစည်းအဝေးကျင်းပတာ ၁၂ ကြိမ်မြောက်အထိ ရောက်ရှိလာပါပြီ။ အစိုးရသစ် တာဝန်ယူတဲ့အချိန်ကနေစပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်မှာ မေးခွန်းတွေမေးဖို့ သက်ဆိုင်ရာကိုယ်စားပြုနယ်မြေအလိုက် နယ်မြေအတွင်းက အဖြစ်အပျက်တွေ၊ လိုအပ်ချက်တွေကို အဆိုတင်ကြ၊ မေးမြန်းကြပါတယ်။

အများစု သုံးသပ်ကြတာက NLD အစိုးရတက်လာပြီး တစ်နှစ်လောက်ကြာတဲ့အထိ အတွေ့အကြုံနည်းနေသေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ တင်ပြဆွေးနွေးတဲ့ မေးခွန်းတော်တော်များများဟာ ပြည်သူတွေကျေနပ်လောက်တဲ့မေးခွန်းတွေ မဖြစ်ခဲ့ဘူးဆိုတာပါ။ အားနည်းချက်တွေ ရှိခဲ့တယ်လို့လည်း ဝေဖန်သုံးသပ်ကြပါတယ်။ ထင်ရှားတဲ့အချက်ကတော့ နှစ်နှစ်ပြည့်တဲ့အချိန်အထိ အမျိုးသမီးအရေး လွှတ်တော်ထဲ မရောက်ခဲ့တာကို အားမရကြတာပါ။

အခုဆိုရင်တော့ ပြည်နယ်လွှတ်တော်မှာ အကြိတ်အနယ်နဲ့ မေးခွန်းတွေမေးပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသမီးအသံတွေလည်း လွှတ်တော်ထဲမှာ ကြားနေရပါပြီ။ လွှတ်တော်ကိုယ်စားလှယ်အများစုကလည်းမြေပြင်အခြေအနေတွေကို လွှတ်တော်မှ တင်ပြဆွေးနွေးလာတာ အကြိမ်ရေခပ်စိပ်စိပ် မြင်တွေ့လာရပါပြီ။ ငါးရက်ကြာကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းဝေးကိုပြန်သုံးသပ်ကြည့်ရင်ကချင်ပြည်နယ် လွှတ်တော်ထဲက ကိုယ်စားလှယ်တွေက ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၄၀ ကို မေးမြန်းခဲ့ပါတယ်။ အဆိုကတော့ ၁ ခုပါ။

ဒီကြယ်ပွင့်ပြမေးခွန်းတွေမှာ လူမှုရေး၊ စီးပွားရေး၊ သဘာဝသယံဇာတ၊ လမ်းတံတား၊ ဘတ်ဂျက်၊ သက်ငယ်မုဒိန်းကဏ္ဍတွေကိုမြို့နယ်အသီးသီးကအမတ်တွေက တင်သွင်း/မေးမြန်းခဲ့ကြပါတယ်။

ဖြေဆိုခဲ့တဲ့ဝန်ကြီးဌာနတွေကတော့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်း ၂၀၊ လူမှုရေးဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့မေးခွန်း ၁၁ ခု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ဆိုင်တဲ့ မေးခွန်းသုံးခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ မေးခွန်းသုံးခု၊ လုံခြုံရေးနဲ့နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ မေးခွန်း နှစ်ခု၊ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနဲ့ဆိုင်တဲ့မေးခွန်း တစ်ခုတို့ဖြစ်ပါတယ်။

ဖားကန့်လွှတ်တော်အမတ် ဦးဒါရှီလဆိုင်းက မေးခွန်း ၆ ခုကို မေးမြန်းခဲ့ပါတယ်။ သူမေးတဲ့ မေးခွန်းခြောက်ခုကို ပြန်ဖြေတဲ့အခါမှာ လက်တွေ့ကွင်းဆင်းပြီးတော့ ဆောင်ရွက်တာမဟုတ်လို့ လွှတ်တော်မှာ ပြန်ဖြေကြားတဲ့ သက်ဆိုင်ရာဝန်ကြီးတွေရဲ့ အချက်အလက်တွေကမပြည့်စုံဘူးလို့ဝေဖန်သုံးသပ်ပါတယ်။

ဝေးလံခေါင်းပါးတဲ့ ဒေသတွေဖြစ်တဲ့ ပူတာအိုင်ခရိုင်အတွင်းက မြို့နယ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေက အခုတစ်ကြိမ်မေးမြန်းတဲ့ မေးခွန်းပေါင်း ၄၀ ထဲမှာ ၁၃ ခုမေးမြန်းခဲ့ပါတယ်။ အဓိကကတော့ လမ်းတံတား၊ ပညာရေးနဲ့ ပတ်သက်တဲ့အကြောင်းတွေပိုများပါတယ်။

နောင်မွန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်ရဲ့မေးခွန်းကိုသက်ဆိုင်ရာဝန်ကြီးဌာန ဖြေဆိုရာမှာ အချက်အလက်မပြည့်စုံလို့လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်တောင် သတိပေးတားမြစ်ချက်တွေ လုပ်ခဲ့ရပါတယ်။

မိုးညှင်းမြို့နယ်ကိုယ်စားပြုမေးမြန်းခဲ့တဲ့ လွှတ်တော်အမတ် ဦးကျော်ကျော်ဝင်းကလည်း ဝန်ကြီးဌာတွေအနေနဲ့ ကိုယ်စားလှယ်တွေ တင်ပြတဲ့အပေါ် ပြန်ပြီးဆောင်ရွက်ပေးတာကအတိုင်းအတာတစ်ခုအထိတော့ ရောက်ရှိပေမယ့် ၃၀ ရာခိုင်နှုန်းလောက်ပဲ ကျေနပ်မှုရှိတယ်လို့ ပြောပါတယ်။

ဒီတစ်ပတ် လွှတ်တော်မှာ ဆွေးနွေးခဲ့တဲ့ အကြောင်းတွေထဲမှာ လူတော်တော်များများ စိတ်ဝင်စားတာကတော့ ဖားကန့်က လောင်းကစားဝိုင်းတွေကို သတ်မှတ်ချက်နဲ့အညီ တရားဝင်ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံအဆိုတင်ခဲ့တဲ့ သက်ငယ်မုဒိန်းအတွက် ကြီးလေးတဲ့ပြစ်ဒဏ် ချမှတ်ပေးနိုင်ရေးအဆို၊ ဝိုင်းမော်မြို့နယ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီမေးမြန်းတဲ့ တရားဝင်ခွင့်ပြုပေးထားတဲ့ တရုတ်တစ်သျှူး ငှက်ပျောစိုက်ဧကနဲ့ ကုမ္ပဏီစာရင်း ထုတ်ပြန်ပေးရန်နဲ့ ကျန်တရားမဝင် ကုမ္ပဏီများကို ပြည်နယ်အစိုးရမှ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိမရှိဆိုတဲ့ မေးခွန်းတွေပါ။

လွှတ်တော်အတွက် အကောင်းဆုံးမေးခွန်းတွေဖြစ်ပြီးတော့ ကျန်တဲ့ မေးခွန်းတွေကလည်းလိုအပ်တဲ့မေးခွန်းတွေပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဒီမေးခွန်းတွေမေးမြန်းဖို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဆီမှာ တစ်ပါတ်ဆယ်ရက် ကြိုတင်တင်ပြထားရတာပါ။ ဒါပေမယ့် ပြန်လည်ဖြေဆိုတဲ့နေရာမှာတော့ အပြည့်အဝ ပြန်လည်ဖြေဆိုပေးနိုင်ခြင်းမရှိဘူးလို့ ပြောကြပါတယ်။ လက်တွေ့ကွင်းဆင်းလေ့လာမှု အားနည်းနေတဲ့အတွက် ဝန်ကြီးဌာနအများစုက ယေဘုယျဆန်တဲ့အဖြေမျိုးကိုသာ ဖြေဆိုခဲ့ကြတာတွေ့ရပါတယ်။ အလွယ်တကူရရှိနိုင်မယ့် အချက်အလက်မျိုးတွေကိုသာ စုဆောင်းပြီးတော့ လွှတ်တော်မှာ တက်ရောက်ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။ အဖြေအတော်တော်များများဟာ "အထက်ကိုဆက်လက်တင်ပြပြီး လုပ်ဆောင်ပေးပါမည်"ဆိုတဲ့ အဖြေဟာ ပိုမိုများပြားနေတာကို တွေ့ရပါတယ်။ အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါန်ကလည်း ယခုလို လွှတ်တော်ကိုယ်စားလှယ်တွေ မေးမြန်းတဲ့ မေးခွန်းများကို တိတိပပ ပြန်လည်မဖြေဆိုနိုင်ခြင်းဟာ ဖွဲ့စည်းပုံအရ အားနည်းချက်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရဲ့လုပ်ပိုင်ခွင့်အာဏာနှင့်လည်း သက်ဆိုင်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်ကို ဖြေကြားခဲ့ပါတယ်။

"မေးသမျှမေးခွန်းတွေ ဘာမှ တိတိပပဖြေနိုင်တာမရှိဘူး။ မေးလိုက်သမျှအားလုံးကို ပြန်လည်တင်ပြပြီးတော့ ရရှိပါက ဆောင်ရွက်ပေးပါမယ်ဆိုတဲ့ အဖြေမျိုးပဲရတော့ အန်တီ့အနေနဲ့ အားရကျေနပ်မှုရှိနိုင်စရာအကြောင်း မရှိပါဘူး"လို့ ဒေါ်မရန်ဂျာဆိုင်းခေါန်က ဖြေကြားခဲ့တာပါ။

NLD အမတ်တွေ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ လွှတ်တော်မှာ တင်သမျှအဆိုတိုင်း မအောင်ဘူးဆိုတာ မရှိခဲ့ပါဘူး။ မဲ ခွဲဆုံးဖြတ်တဲ့အချိန်မှာ မဲအသာစီးနဲ့ အဆိုအောင်မှာပါပဲ။ ဒါပေမယ့်လည်း မေးခွန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့ ပြန်လည်ဖြေဆိုတဲ့အခါမှာ ယေဘုယျအဖြေတွေ များနေတယ်လို့ လွှတ်တော်ကိုယ်စားလှယ်အများစု ပြန်လည်သုံးသပ်ကြပါတယ်။

အခုဆိုရင်တော့ ဒုတိယအကြိမ်မြောက် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာမေလ ၂၄ ရက်နေ့ကစတင်ကျင်းပခဲ့တာဖြစ်ပြီး ၅ ရက်ကြာ ဆွေးနွေးခဲ့ကြပါတယ်။ နောက်လာမယ့် ၁၃ ကြိမ်မြောက်အစည်းအဝေးမှာလည်း ဘယ်လိုမေးခွန်းတွေမေးပြီးတော့ ဘယ်လိုတိကျတဲ့အဖြေမျိုးတွေ ပြန်ဖြေဆိုဦးမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

စည်သူ(မြစ်ကြီးနား)

Scholarship Info

## Masters scholarships at the University of Cape Town

Masters Public Health, Community Eye Health နှင့် Postgraduate Diploma Community Eye Health ပညာရပ်များကို University of Cape Town, South Africa တွင် သင်ယူနိုင်ရန်ပေးအပ်သော ပညာသင်ဆုများကို ၂၀၁၉ ပညာသင်နှစ်အတွက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာပိတ်ရက်မှာ 31 July 2018 ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက http://cehc.lshtm.ac.uk/uct-scholarships/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Goethe University- Master's Scholarship

Germany နိုင်ငံ Goethe University တွင် Master's Degree တက်ရောက်နိုင်ရန် ပေးသော ပညာသင်ဆုကို လျှောက်ထားနိုင်ပါသည်။ Monthly Stipend 1000 € ရရှိနိုင်မည်ဖြစ်ပါသည်။ လျှောက်ထားမည့်သူများသည် Application for Master's Program၊ ကိုယ်ရေးအချက်အလက် CV နှင့် Letter of motivation နှင့် Recommendation များကို ပြင်ဆင်ထားသင့်ပါသည်။လျှောက်လွှာပိတ်ရက်မှာ မိမိလျှောက်ထားသော Program အလိုက်ဖြစ်သောကြောင့် http://goethe-university-frantfurt.de/58572942/Goethe-Goes-Global-Master-scholarship?legacy-request=1 တွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက Naushawng Development Institute (NDI) naushawng.info@gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။



# စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ကြရန် စိုက်ပျိုးရေးဘဏ်နှိုးဆော်

မြစ်ကြီးနား၊ ဇွန် ၄

သတ်မှတ်ကာလကျော်လွန်သည့်တိုင် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ခြင်းမရှိသေးသည့် တောင်သူများ အမြန်ဆုံးလာရောက်ပေးဆပ်ကြရန် လယ်ယာစိုက်ပျိုးရေးဘဏ်က အသိပေးနှိုးဆော်ထားသည်။

စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးခဲ့သည့် ယမန်နှစ်မေလအတွင်းက ၂၀၁၈ ခုနှစ် ဧပြီလ ၁၅ ရက်တွင် နောက်ဆုံးထား ပေးချေကြရန် သတ်မှတ်ခဲ့ပြီး ထိုပထမ သတ်မှတ်ကာလအတွင်း မပေးဆပ်နိုင်လျှင် မူလဘဏ်အတိုး ၁၂ ရာခိုင်နှုန်း (ကျပ် ၁၀၀ လျှင် ပြား ၈၀ ခန့်)အပြင် ဒဏ်အတိုးအဖြစ် တစ်ကျပ်နှုန်းထပ်ပေါင်းကာ ဇွန်လ ၁၀ ရက် နောက်ဆုံးထား ပေးဆပ်ရန် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို ဒုတိယသတ်မှတ်ကာလဖြစ်သော ဇွန်လ ၁၀ ရက် ကျော်လွန်ပါက ယခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို ချေးယူခွင့်ရှိတော့မည် မဟုတ်ကြောင်း သိရသည်။

“မေလကုန်အထိ မကျေတဲ့ တောင်သူတွေကို ကျွန်တော်တို့ဘက်က ဥပဒေအရ တရားစွဲလို့ရတယ်။ ဘယ်လိုလုပ်မယ်ဆိုတာကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်ကအစ စီမံကိန်းနှင့် စီးပွားရေးဌာနစတဲ့ အဖွဲ့စည်းအဆင့်ဆင့်ကို တင်ပြပြီးတော့မှ သူတို့ရဲ့လမ်းညွှန်မှုနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်”ဟု ဒုတိယကြီးကြပ်ရေးမှူးဦးဇော်နိုင်က ပြောသည်။

ယမန်နှစ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပေးဆပ်ရန် တနိုင်းမြို့နယ် တောင်သူ ၅ ဦးထံမှ ငွေကျပ် ၄၈ သိန်း၊ ဖားကန့်မြို့နယ်တောင်သူ ၁၅ ဦးထံမှ ငွေကျပ် ၁၄၁ သိန်း၊ မိုးကောင်းမြို့နယ်ရှိတောင်သူ ၁၂ ဦးထံမှ ငွေကျပ် ၁၆၆ သိန်း၊ မိုးညှင်းမြို့နယ်တောင်သူ ၄၆ ဦးထံမှငွေကျပ် ၆၉ သိန်း ကျန်ရှိနေသေးကြောင်း သိရသည်။

ထို့အပြင် ယမန်နှစ် ဆောင်းရာသီချေးငွေ ဆပ်ရန်ကျန်ရှိနေသေးသည့် မြို့နယ်များမှာ ဖားကန့်မြို့နယ်တွင် ၇၈ သိန်း၊ မိုးကောင်းမြို့နယ်တွင် ၂၀၉၃ သိန်း၊ ဝိုင်းမော်မြို့နယ်တွင် ၁၆၃၂ သိန်း ၅ သောင်း၊ မြစ်ကြီးနားမြို့နယ်တွင် ၃၀၁၄ သိန်းတို့ဖြစ်ကြောင်း သိရသည်။

“အကြွေးတွေကို မြန်မြန်ဆပ်လိုက်ပြီးတော့ နောက်ထပ်ချေးပေးတဲ့ စိုက်ပျိုးစရိတ်ချေးငွေကို ပြန်ထုတ်ချေးကြစေချင်ပါတယ်။ တကယ်လိုအပ်တဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေ မချေးလိုက်နိုင်တဲ့အတွက် အဲဒီစိုက်ပျိုးရာသီအတွက် ခက်ခဲသွားနိုင်တယ်” ဟု ဦးဇော်နိုင်ကပြောသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူတစ်ဦးလျှင် တစ်ဧက ကျပ်တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးနိုင်မည်ဖြစ်ပြီး အတိုးနှုန်းမှာ ကျပ် ၁၀၀ လျှင် ပြား ၈၀ ခန့် ပေးဆောင်ရကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးဘဏ်မှ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ နောင်မွန်း၊ မိုးကောင်း၊ ဖားကန့်၊ တနိုင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူအစရှိသော မြို့နယ် ၁၂ မြို့နယ်မှ တောင်သူများကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေတို့ကို ထုတ်ချေးပေးနေကြောင်း သိရသည်။

မွန်းမွန်းပန်







# နန့်မြစ်ခတံတားအသစ် ဖွင့်လှစ်

ဝိုင်းမော်၊ ဇွန် ၂

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်သို့ ဆက်သွယ်ထားသော အရှည်ပေ ၃၀၀ ကျော်ရှိ နန့်မြစ်ခတံတား (Phase-1)ကို ဇွန်လ ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါတံတားကို ကချင်ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သန်းပေါင်း ၃၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ခံ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)က ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလ ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

တံတားသည် သံကူကွန်ကရစ်ရေလယ်တိုင်နှင့် ကမ်းကပ်ခုံသံမဏိယက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းထားကာ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ပေတို့ဖြင့် တည်ဆောက်ထားပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်းလျှင် ၇၅ တန်နှုန်းဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

တံတား၏ တစ်ဖက်ခြမ်းရှိ တံတားဘောင်ကိုဖြုတ်ပြီး Phase-1 နည်းတူ Phase-2 ကို ထပ်မံတည်ဆောက်သွားမည် ဖြစ်ပြီး Phase-2 တံတားကိုလာမည့် ၂၀၁၉ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တံတားဟောင်းသည် အကျယ် ၁၃ ပေ ရှိသော သံဘောလီအမျိုးအစားဖြစ်ပြီး မြစ်ကြီးနားမြို့မှ ဗန်းမော်၊ ကန်ပိုင်တည်၊ တရုတ်နိုင်ငံနှင့် ဗန်းမော်-မန္တလေးမြို့များသို့နေ့စဉ်သွားလာနေသော မော်တော်ယာဉ်အစီးရေ ၂၅၀၀ - ၃၀၀၀ ခန့်ရှိကြောင်းလည်း သိရသည်။

မွန်းမွန်းပန်



## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၂၀၀၀ကျပ်/၁၃၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| အိမ်ကြက် | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် | ၅၀၀၀ကျပ် |
| ဝက်သား | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၈၀၀ကျပ် |
| အာလူး | ၈၀၀ကျပ် |
| ကုလားပဲ | ၁၈၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ | ၁၅၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီး ခြောက် | ၅၀၀၀ကျပ် |
| ချင်း | ၁၅၀၀ကျပ် |

# “ကြိုးစားအားထုတ် အလုပ်လုပ်ခြင်းမှတပါး အောင်မြင်မှုအတွက် ဖြတ်လမ်းမရှိ”

“အားနေရင် စကားပဲမပြောဘဲနဲ့ စာကိုသေသေချာချာလေး လေ့လာစေချင်တယ်။ နောက်ပြီးတော့ တိကျတဲ့ရည်မှန်းချက်ကို နှစ်စကတည်းက ထားပြီးတော့မှ သေသေချာချာလေး ကြိုးစားစေချင်ပါတယ်။ ကျန်းမာရေးကိုလည်း အဓိက ဂရုစိုက်စေချင်ပါတယ်။ ဖြေဆိုကြမယ့်သူတွေအတွက်လည်း ယောကျ်ားလေးဆိုရင် ဂိမ်းတွေပဲ မကစားဖို့၊ မူးယစ်ဆေးဝါးတွေလည်း မသုံးစွဲ ဖို့ တိုက်တွန်းချင်ပါတယ်။ မိန်းကလေးတွေအနေနဲ့ ဇာတ်လမ်း/ဇာတ်ကား ကြည့်တာလေးတွေကို လျှော့ပြီးတော့ ရည်မှန်းထားတဲ့အတိုင်း ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်”



| မသန်းသန်းဆင့် | |
|---|---|
| မြန်မာစာ | ၇၇ |
| အင်္ဂလိပ်စာ | ၇၉ |
| သင်္ချာ | ၉၃ |
| ဓာတုဗေဒ | ၉၇ |
| ရူပဗေဒ | ၉၃ |
| ဇီဝဗေဒ | ၉၈ |
| စုစုပေါင်းရမှတ် | ၅၃၇ |

ကချင်ပြည်နယ်မှာနှစ်စဉ်နှစ်တိုင်း ဘာသာစုံဂုဏ်ထူးရှင်တွေ ထွက်လေ့ရှိပါတယ်။ မနှစ်က ဘာသာစုံဂုဏ်ထူးရှင် ၁၁ ယောက်ပေါ်ထွက်ခဲ့ပြီး ဒီနှစ်မှာတော့ မြစ်ကြီးနားမြို့နယ်က မသန်းသန်းဆင့်၊ မောင်လဗျဂွမ်ရိန်အောင်၊ မောင်ဉာဏ်သစ်ထွန်း၊ မဖြိုးဇာနီလင်း၊ မကြည်ဖြူဝဏ္ဏမော်၊ မနဒီညွှန့်ဝင်း၊ မစန္ဒာစိုးနဲ့ မိုးညှင်းက မရွှေရည်သက်ထွန်း၊ မမာမာလင်း၊ နမ္မတီးမြို့က မမင်းအုံကြည်တို့ ဂုဏ်ထူးရှင် ၁၀ ယောက်ထွက်ခဲ့ပါတယ်။

ယခု ၂၀၁၇ - ၁၈ ပညာသင်နှစ်မှာ ဘာသာစုံဂုဏ်ထူးရှင် ၁၀ ဦးထဲက တစ်ပြည်နယ်လုံး အမှတ်အများဆုံးရအောင် ဖြေဆိုနိုင်ခဲ့တဲ့ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အိမ်နံပါတ် ၅၇၃ က တောင်ယာလုပ်တဲ့ဖခင် ဦးအောင်ကျော်ဦးနဲ့ အရောင်းအဝယ်ပြုလုပ်သူ မိခင်ဒေါ်ဂွါမီးတို့ရဲ့သမီး မသန်းသန်းဆင့်ကို မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်တွေ့ဆုံမေးမြန်းထားပါတယ်။

**အမည် - မသန်းသန်းဆင့်**
**အသက် - ၁၆ နှစ်**
**အဘအမည် - ဦးအောင်ကျော်ဦး၊ တောင်သူ**
**အမိအမည် - ဒေါ်ဂွါမီး၊ အရောင်းအဝယ်**
**တက်ရောက်အောင်မြင်ခဲ့သည့်ကျောင်း - ရာပြည့်ဘော်ဒါနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း**
**ခုံအမှတ် - ၅၅၃**
**စုစုပေါင်းရမှတ် - ၅၃၇ မှတ်**
**နေရပ်လိပ်စာ - အမှတ် - ၅၇၃၊ ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့။**

**ညီမ အခုအောင်မြင်ခဲ့တဲ့ ကျောင်းနဲ့ ငယ်ငယ်တုန်းက တက်ရောက်ခဲ့တဲ့ ကျောင်းလေးကိုလည်း ပြောပြပေးပါဦး။**

ညီမက သူငယ်တန်းကနေ သတ္တမတန်းအထိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းမှာ တက်ခဲ့ပါတယ်။ အဋ္ဌမတန်းကနေ နဝမတန်းအထိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှာ တက်ခဲ့ပါတယ်။ **အခုဆယ်တန်းမှာ ရာပြည့်ကိုယ်ပိုင်အထက် တန်းကျောင်းမှာ တက်ခဲ့ပါတယ်။**

**အခုစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရှင်မဖြစ်ခင် အတန်းစဉ်တစ်လျှောက်မှာ ဘယ်လိုဆုမျိုးတွေရခဲ့ဖူးလဲဆိုတာ အရင်ဆုံး ပြောပြပေးပါဦး။** မူလတန်းကနေ တောက်လျှောက်က အမြဲတမ်းပထမရရှိပါတယ်။ နဝမတန်းမှာတော့ ဒုတိယပဲရရှိပါတယ်။ ဆယ်တန်းမှာ သချ်ာအိုလံပစ်ဝင်ပြိုင်တာ တစ်ပြည်နယ်လုံးမှာ ပထမဆုရပါတယ်။ ဘက်စုံထူးချွန်ဆုလည်း ရရှိပါတယ်။

**ညီမလေး ဆယ်တန်းစတက်တုန်းက ဘယ်လိုရည်မှန်းချက်ထားခဲ့သလဲ။ ၆ ဘာသာ ထွက်ကိုထွက်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုး ရှိခဲ့လား။**

နှစ်စကတည်းက ထွက်ကိုထွက်ရမယ်လို့ တွေးခဲ့တာပါ။ တွေးထားတဲ့အတိုင်း ရည်မှန်းထားအတိုင်းပဲ ကျက်မှတ်လေ့လာခဲ့ပါတယ်။

**ဖြေရတဲ့ ဘာသာတွေထဲမှာ ဘယ်ဘာသာကို စိုးရိမ်ခဲ့သလဲ။ ညီမလေးအတွက် အခက်ဆုံးဘာသာက ဘယ်ဘာသာလို့ထင်လဲ။**

အခက်အခဲဆုံးဘာသာကတော့ အင်္ဂလိပ်လို့ထင်ပါတယ်။ Essay/Letter ကနည်းနည်းလေးကြောက်ရတယ်။ အရမ်းခက်တဲ့ဟာတွေ မေးမှာကြောက်ရတယ်။ အဲဒါကြောင့် ကောင်းကောင်းလေး ပိုပြီးလေ့ကျင့်ခဲ့ရတယ်။

**ဒီလို အမှတ်အများဆုံးရအောင် ဘယ်လိုကြိုးစားခဲ့ရသလဲဆိုတာကိုလည်း ညီမကို အားကျတဲ့ ညီငယ်၊ ညီမငယ်တွေအတုယူနိုင်အောင်ပြောပြပေးစေချင်ပါတယ်။**

တစ်ရက်စာတစ်ရက် ပြတ်အောင်လေ့ကျင့်ခဲ့ရတယ်။ ဆရာ/မတွေ စာသင်တဲ့အချိန်မှာလည်း အာရုံစူးစိုက်တယ်။ သူငယ်ချင်းတွေ စကားပြောနေတဲ့အချိန်မှာလည်း စိတ်ကိုထိန်းချုပ်ပြီးတော့ စာကိုပဲ အဓိကထားတယ်။ စာမေးပွဲဖြေခါနီးမှာ မေးခွန်းဟောင်းတွေကို အထပ်ထပ်အခါခါလေ့ကျင့်ဖြစ်ခဲ့ပါတယ်။

**ဘာသာရပ်အလိုက် ညီမပြင်ဆင်ခဲ့ပုံလေးကိုလည်း သိချင်ပါတယ်။**

မြန်မာစာကို နွေရာသီကတည်းက သဒ္ဒါ၊ ရေသည်၊ ခက်ဆစ်၊ အလင်္ကာတွေ အပြီးပြတ်ခဲ့ပါတယ်။ နွေရာသီမှာ သရုပ်ဖော်စာစီစာကုံး ၁၅ ပုဒ်လောက် ရေးဖြစ်ပါတယ်။ အပုဒ်ရှည်တွေကို မေးတဲ့ခေါင်းစဉ်တွေနဲ့ အံဝင်အောင် လေ့ကျင့်ခဲ့ပါတယ်။ မေးခွန်းတိုတွေကိုလည်း အမှားမရှိအောင် သေချာပြင်ဆင်ခဲ့ပါတယ်။ အင်္ဂလိပ်စာကျတော့ ကဗျာတွေကို အကြိမ်ကြိမ်ရေးကျက်ပါတယ်။ ဖတ်စာထဲက စာပိုဒ်တွေကို နေ့စဉ်ပုံမှန် ဖတ်ပါတယ်။ ဖတ်ပါများတော့ အလွတ်နီးပါးရနေတယ်။ အဲဒီအတွက်ကြောင့် ကွက်လပ်၊ မေးခွန်းတိုနဲ့ Cloze Type တွေက ပြင်ဆင် ပြီးသားဖြစ်စေပါတယ်။ Grammar ပုံစံပေါင်းစုံလေ့ကျင့်ပါတယ်။ ဆရာမသင်ကြားပေးတဲ့ Essay နဲ့ Letter ကို ကိုယ်ပိုင်ဟန်နဲ့ ပေါင်းစပ်ပြီးလေ့ကျင့်ပါတယ်။ သချ်ာကိုတော့ အခန်းတိုင်းက ပုစ္ဆာတွေကို မလွတ်တမ်းလေ့ကျင့်ပါတယ်။ မေးခွန်းဟောင်းတွေကိုလည်း ပြီးပြည့်စုံအောင်လေ့ကျင့်ပါတယ်။ တစ်မှတ်တန်ကိုတော့ သီးသန့်အချိန်ယူပြီး လုပ်ပါတယ်။ မေးနိုင်တဲ့ ဉာဏ်စမ်းပုစ္ဆာတွေကိုလည်း လေ့လာခဲ့ပါတယ်။ ဓာတုဗေဒကို Defination တွေ Formula တွေကို နွေရာသီကတည်းက ကျက်ခဲ့ပါတယ်။ ထုတ်ဖော်ပုံတွေကိုလည်း ပြည့်စုံအောင်လုပ်ပါတယ်။ လေးမှတ်တန်၊ ရှစ်မှတ်တန်တွေကို ထပ်ထပ်ခါခါ လေ့ကျင့်ပါတယ်။ ကွက်လပ်ဖြည့်အတွက် အခန်းတိုင်းကို နှံ့စပ်အောင် ဖတ်ပါတယ်။ ရူပဗေဒကျတော့ Defination, Law နဲ့ မေးခွန်းတိုတွေကိုနေ့တိုင်းရေးကျက်ပါတယ်။အလွတ်ချရေးပါတယ်။ Diagram နဲ့ Graph မလွတ်တန်း ကြည့်ပါတယ်။ Formula တွေ တွက်ထုတ်ပုံအားလုံး မချန်မလုပ်ကြည့်ပါတယ်။ Text ပုစ္ဆာတွေကို မေးခွန်းဟောင်းနဲ့ တွဲဖက်လေ့ကျင့်ပါတယ်။

**ညီမအမှတ်စာရင်းထဲမှာ ဇီဝဗေဒက အမှတ်ပြည့်ရဖို့ ၂ မှတ်ပဲလိုတာတွေရတယ်။ ၉၈ မှတ်အထိရအောင် ဘယ်လိုကျက်မှတ်ခဲ့ရသလဲ။**

ရွေးကျက်တာမျိုးမလုပ်ဘဲ အကုန်ကျက်မှတ်ပြီး မေးခွန်းဟောင်းတွေနဲ့ နေ့စဉ်နေ့တိုင်း အလွတ်ကျက် အလွတ်ရေးပါတယ်။ ပုံဆွဲတာ အားနည်းမှုမရှိအောင် အကြိမ်ကြိမ်ရေးဆွဲပြီးပုံအညွှန်းတွေကိုလည်းလေ့ကျင့်ခဲ့ပါတယ်။

**တစ်နှစ်လုံးမှာ စာသင်ချိန်၊ စာကျက်ချိန်၊ ထမင်းစားချိန်၊ အိပ်ချိန်တွေကို ဘယ်လိုစီမံခန့်ခွဲခဲ့ပါသလဲ။**

အားလုံး မျှမျှတတဖြစ်အောင် စီမံခန့်ခွဲခဲ့ရပါတယ်။ အိပ်ချိန်ဆိုရင်လည်း အရမ်းနောက်ကျအောင် မအိပ်ဘူး။ အဓိက’ကတော့ စာပေါ့။ ပုံမှန်အိပ်တယ်၊ပုံမှန်စားတယ်၊ပုံမှန်စာကျက်တယ် အားလုံးကိုမျှမျှတတဖြစ်အောင် နေထိုင်ရပါတယ်။

**စာချည်းပဲလုပ်နေရတော့ အရမ်းပင်ပန်းမှာပေါ့။ ကျန်းမာရေးပိုင်းမှာရော ထိခိုက်တာတွေမဖြစ်ဘူးလား။ တစ်နှစ်လုံး ကျန်းမာရေး ကောင်းမွန်အောင် ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပြုစုနေထိုင်ခဲ့ရလဲ။**

ကျန်းမာဖို့ကလည်း အရမ်းအရေးကြီးပါတယ်။ ဖျားနေရင် စာကောင်းကောင်းသင်နိုင်မှာမဟုတ်ဘူးဆိုတော့ မတည့်တဲ့အစားအစာတွေ မစားဘူး။ ရာသီဥတုအလိုက် လိုက်ဖက်တဲ့အစားအစာ အဝတ်အထည်တွေကို ရွေးဝတ်ရတယ်။ ဖျားလို့ နားလိုက်ရရင်လည်း သင်ခန်းစာတွေ အများကြီးနောက်ကျပါတယ်။

**အခုလိုဘာသာစုံ ဂုဏ်ထူးထွက်ပြီးတော့ ကချင်ပြည်နယ်ဂုဏ်ဆောင်ကျောင်းသူတစ်ယောက်ဖြစ်အောင် ဘယ်လိုအကြောင်းအရာတွေက ညီမလေးကို တွန်းအားဖြစ်စေခဲ့တာလဲ။**

ဆရာ၊ ဆရာမတွေရဲ့ထောက်ပံ့မှု၊ မိဘတွေရဲ့ထောက်ပံ့မှု၊ သူငယ်ချင်းတွေဝိုင်းပြီးအားပေးမှုတွေ ကိုယ်ကိုယ်တိုင်ကြိုးစားမှုတွေ တွန်းအားဖြစ်စေတာပါ။ နောက်ပြီး မိဘတွေရယ်၊ ဆရာ/မတွေ

စာ - ၁၉ သို့ »

# သက်တမ်း ၇ နှစ် ပြည့်လာတဲ့ တစ်ကျော့ပြန် တိုက်ပွဲ

ဇွန် ၅

ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည့် တစ်ကျော့ပြန် တိုက်ပွဲ၇နှစ်ပြည့်အခမ်းအနားတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံတို့က မနောင်ကွင်းတွင် ဆုတောင်းပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

၁၇ နှစ်ကြာအပစ်အခတ်ရပ်စဲထားသည့် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး စစ်ရှောင်ပြည်သူများ စစ်ဘေးတိမ်းရှောင်ခဲ့သည်မှာ ၇ နှစ်ပြည့်ပြီဖြစ်၍ ဆုတောင်းခြင်းအစီအစဉ်ကို ဇွန်လ ၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ပြုလုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးဇော်ဂျတ်က ပြောသည်။

"စစ်ရှောင်တွေနဲ့ ပတ်သက်ပြီးတော့ ၇ နှစ်တောင် ရောက်ခဲ့ပြီလေ မြန်မြန်တည်ငြိမ်ပြီးမှ ခိုင်ခံ့တဲ့ငြိမ်းချမ်းရေး ပန်းတိုင်လည်းလိုချင်တယ်။ IDPs တွေ နေရပ်ပြန်နိုင်ရေးလည်း လုပ်ခိုင်းစေချင်တယ်။ ပဋိပက္ခကိုအမြန်ဆုံး ဖြေရှင်းပေးဖို့ တောင်းဆိုချင်ပါတယ်"



စစ် ရှောင် ၆ နှစ်ပြည့် ဆုတောင်းခြင်းကို ပြုလုပ်ခဲ့စဉ် ဓါတ်ပုံ– Salai

ဟု ကိုဇော်ဂျတ်ကပြောသည်။

အဆိုပါ အစီအစဉ်တွင် ယခင်နှစ်ကဲ့သို့ ဆိုင်းဘုတ်ကိုင် လမ်းလျှောက်ခြင်း ပြုလုပ်တော့မည်မဟုတ်ဘဲ ဆုတောင်းခြင်း၊ သီချင်းဆိုခြင်းနှင့်လူငယ်များမှ ပြဇာတ်များဖြင့်တင်ဆက်ခြင်းနှင့် စစ်ရှောင်ပြည်သူများ ခံစားချက်များပြောဆိုခြင်း စသည့်အစီအစဉ်များဖြင့်သာ ပြုလုပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

"မနှစ်တုန်းကနဲ့မတူတာကတော့ ဆိုင်းဘုတ်ကိုင်ပြီး လမ်းလျှောက်တာတွေတော့မရှိတော့ဘူး။ သီချင်းဆို ဆုတောင်း ခံစားချက်တွေထုတ်ဖော်တာတွေပဲလုပ်ဖို့ စီစဉ်ထားပါတယ်"ဟု ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခလမ်ဆမ်ဆွန်က ပြောသည်။

ကချင်ဒေသအတွင်းရှိ စစ်ရှောင်ပြည်သူများအပါအဝင် စစ်ရှောင်စခန်းများအားလုံး ပိတ်သိမ်းနိုင်ရေးအတွက် အစိုးရအဖွဲ့မှ စတင်ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်နေသည်ဟုလည်း သိရသည်။

ယင်းကဲ့သို့စစ်ရှောင်စခန်းဖျက်သိမ်းကာ နေရပ်ပြန်နိုင်ရေးမှာ လက်ရှိကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခအခြေအနေများ အရမဖြစ်နိုင်သေးကြောင်းလည်း ဒေါက်တာခလမ်ဆမ်ဆွန်ကို သုံးသပ်ပြောဆိုသည်။

"သူတို့ အစီအစဉ်တော့ဖြစ်မှာပေါ့။ ကျွန်တော်တို့ စစ်ဖြစ်နေတဲ့အချိန် ပြန်ဖို့တော့ မဖြစ်သေးပါဘူး။ လောလောဆယ်တော့ မဖြစ်နိုင်သေးပါဘူး။ ကချင်က ရခိုင်နဲ့မတူဘူး။ ရခိုင်မှာက မိုင်းထောင်ထားတာတွေ မရှိဘူးလေ။ တိုက်ခိုက်တာမရှိဘူး။ ကချင်မှာက လက်နက်ကိုင်နှစ်ဘက် တိုက်ခိုက်နေတယ်ဆိုတော့ ရခိုင်နဲ့မတူဘူး။ အဓိက မိုင်းရှင်းလင်းရေးနဲ့ တိုက်ပွဲတွေရပ်မယ်ဆိုရင် ပြန်နိုင်မှာပေါ့။ အခုတော့ မဖြစ်နိုင်သေးပါဘူး"ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

စစ်ဘေးရှောင်ပြည်သူများ ၇ နှစ်ပြည့်လာပြီး မိမိတို့အတွက် မေ့မရနိုင်သည့်သမိုင်းတစ်ခုဖြစ်လာကြောင်း၊ ယနေ့အချိန်ထိစစ်ရှောင်ပြည်သူများ ထပ်မံတိုးမြင့်လာနေခြင်းကြောင့် ထိုနေ့တွင်စစ်ရှောင်ပြည်သူများ စစ်ရှောင်ဘဝမှ လွတ်မြောက်နိုင်ရေး မြို့နယ်အသီးသီးရှိ အသင်းတော်များမှဆုတောင်းပေးရန် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) က ဇွန်လ ၁ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ်တွင် ယခုနှစ်မတ်လအတွင်း တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် မြစ်ကြီးနား၊ အင်ဂျန်းယန်၊ မိုးကောင်း၊ ကာမိုင်း၊ တနိုင်းမြို့နယ်များသို့ စစ်ဘေးရှောင်ပြည်သူ ၅၀၀၀ ခန့် ထပ်မံတိမ်းရှောင်ခဲ့ရသည်။

Salai

---

စာ - ၁၈ မှ »

ရယ်၊ ကျောင်းရဲ့ဂုဏ်တွေကို ဆောင်နိုင်ဖို့ ကြိုးစားခဲ့တာပါ။ (ရာပြည့်ဘော်ဒါအုပ် ဆရာဇေယျာ၏ ဖြည့်စွက်ပြောကြားချက် )- "သူတို့က ၆ ဘာသာထွက်ချင်တယ်၊ အဲဒါကြောင့် သူ့လိုတော်တဲ့သူငယ်ချင်းတွေနဲ့လာပြီးတော့ ဆရာ ၉ တန်းပြီးတာနဲ့ နောက်နေ့သင်ပေးနိုင်မလားလို့ ပြောတယ်။ ဒီနေ့ပြီးတာနဲ့ နောက်နေ့သင်ချင်တယ်။ ကျွန်တော်က ကိုးတန်းပြီးရင် ဆယ်တန်းသင်ဖို့ နှစ်ပတ်လောက်မှစတယ်။ အဲဒါကြောင့် သမီးရေ ခဏလောက်နားပါလားလို့ ပြောတယ်။ သူတို့ရဲ့လိုချင်စိတ်က ဘယ်လိုမှတားမရဘူး။ အဲဒီစိတ်ဓာတ်ခွန်အားလေးတွေက ခြောက်ဘာသာထွက်ဖို့ တွန်းပို့တယ်။"

**ညီမအခုလို အမှတ်အများဆုံး ဘာသာစုံဂုဏ်ထူးရှင်ဖြစ်အောင် ဆရာ၊ ဆရာမတွေဘက်ကရော ဘယ်လိုပံ့ပိုးပေးခဲ့လဲ။**

စာမေးပွဲဖြေခါနီးမှာ မေးခွန်းကို အစုံလိုက်လေ့ကျင့်ခိုင်းတယ်။ နားမလည်တာရှိရင်လည်း သေသေချာချာနဲ့ စိတ်ရှည်ရှည်ရှင်းပြတယ်။ ပြီးတော့ အချိန်ပိုတွေ ယူပြီးတော့မှလည်း ကောင်းကောင်းမွန်မွန် သင်ကြားပေးခဲ့ပါတယ်။ စာတွေကိုလည်း ဒီဇင်ဘာဆိုရင်ပြတ်အောင်သင်ပေးပါတယ်။ ပြီးရင် ကျန်တဲ့သုံးလလုံးက (Revision) ပြန်လှန်လေ့ကျင့်ခန်း လုပ်ပေးတယ်။ စာမေးပွဲမေးခွန်းမေးတဲ့ပုံစံ အကြိမ်ကြိမ်လုပ်ပေးတယ်။ အဲဒီလိုမျိုးအပိုင်းတွေရှိပါတယ်။

**ညီမရဲ့ အနာဂတ်ရည်မှန်းချက်က. . .။**

ဆေးကျောင်းတက်ဖို့တော့ ရည်မှန်းထားပါတယ်။ ဆရာဝန်လုပ်မှာပါ။ ဒီထက်ပိုပြီးကြိုးစားရဦးမှာပါ။

**ညီမလေးရဲ့ဝါသနာက ဘာများဖြစ်မလဲ။**

ဝါသနာပါတာတော့ အများကြီးပါ။ အကြိုက်ဆုံးဝါသနာကတော့ စာဖတ်တာပါပဲ။

**ညီမလေး လက်စွဲပြုတဲ့ဆောင်ပုဒ်။**

သမီးလက်ကိုင်ထားတဲ့ ဆောင်ပုဒ်ကတော့ "ကြိုးစားအားထုတ် အလုပ်လုပ်ခြင်းမှ တစ်ပါး အောင်မြင်မှုအတွက် ဖြတ်လမ်းမရှိ" ဆိုတာပါ။

**နောက်ထပ်ဆယ်တန်းဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်လေးတွေကို ရှောင်သင့်တာနဲ့ ဆောင်သင့်တာတွေ အကြံပြုပေးပါဦး။**

အဓိက'ကတော့မိဘဆရာတွေရဲ့စကားကို နားထောင်စေချင်တယ်။ တစ်ရက်စာတစ်ရက်ကိုလည်းပုံမှန်လုပ်ခိုင်းစေချင်တယ်။ အားနေရင်စကားပဲမပြောဘဲနဲ့ စာကိုပဲသေသေချာချာလေး လေ့လာစေချင်တယ်။ နောက်ပြီးတော့ တိကျတဲ့ရည်မှန်းချက်ကို နှစ်စကတည်းက ထားပြီးတော့မှ သေသေချာချာလေး ကြိုးစားစေချင်ပါတယ်။ ကျန်းမာရေးကိုလည်း အဓိကဂရုစိုက်စေချင်ပါတယ်။ ဖြေဆိုကြမယ့်သူတွေအတွက်လည်း ယောကျ်ားလေးဆိုရင် ဂိမ်းတွေပဲ မကစားဖို့၊ မူးယစ်ဆေးဝါးတွေလည်း မသုံးစွဲဖို့ တိုက်တွန်းချင်ပါတယ်။ မိန်းကလေးတွေအနေနဲ့ ဇာတ်လမ်း/ဇာတ်ကားတွေကြည့်တာလေးတွေကို လျှော့ပြီးတော့ ရည်မှန်းထားတဲ့အတိုင်း ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်ရှင့်။

**ညီမလေးအနေနဲ့ မြစ်ကြီးနားဂျာနယ်ကတစ်ဆင့် စာဖတ်သူတွေကို တစ်ခုခုပြောပေးပါဦး။**

ကချင်ပြည်နယ်မှာ ပထမရတာတော့ အရမ်းဝမ်းသာပါတယ်။ ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ မိသားစုတွေ အားလုံးကိုလည်း ကျေးဇူးတင်ချင်ပါတယ်။

အခုလိုဖြေပေးတဲ့အတွက် ညီမလေးကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့ ညီမလေးလည်း ကျေးဇူးတင်ပါရှင့်။

သားသမီးတို့၏ ပညာရေးအတွက် မိဘများ၏ အကောင်းဆုံးရွေးချယ်ရာ နေရာ
ဆရာဦးဇင်မောင် B.Com(M.I.E), A.G.T.I (Civil) + ဒေါ်ခိုင်သူဇာဝင်း B.Com(M.I.E), (D.I.A, LCCI, UK) တည်ထောင်ဖွင့်လှစ်သင်ကြားပြီး
ဆရာကြီးဦးလာရွယ် (ဒုတိယညွှန်ကြားရေးမှူး၊ မြစ်ကြီးနားခရိုင်ပညာရေးမှူး-ငြိမ်း) မှ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူအုပ်ချုပ်သည်
SHWE YAR PYAE PRIVATE SCHOOL MYITKYINA
ရွှေရာပြည့်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အထူးအဆင့်မြင့် ဘော်ဒါ (မြစ်ကြီးနား)
၅တန်း မှ တက္ကသိုလ်ဝင်တန်း အထိလက်ခံသင်ကြားပါသည်။
(၁၀)တန်း Day Special တန်းခွဲသစ် စာရင်းလက်ခံပြီ။
သင်တန်းကြေး '၁' နှစ်ပတ်လုံး – (၄)သိန်း
"၁၂.၆.၂၀၁၈ တွင် စတင်ဖွင့်လှစ်သင်ကြားမည်"
ဝိဇ္ဇာတွဲ လက်ခံသင်ကြားပေးပါသည်။
"ဆက်သွယ်စုံစမ်းအပ်နံရန်"
ဆရာဦးဇင်မောင် (Eco)
ရွှေရာပြည့် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အထူးအဆင့်မြင့်ဘော်ဒါ
အမှတ်(၁၁၃)၊ ရန်ကြီးအောင်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၊ မြစ်ကြီးနားမြို့။
၀၉-၂၄၀၂၆၆၇၊ ၀၉-၇၉၂၉၀၀၅၅၆၊ ၀၉-၇၇၇၇၉၂၈၈၂၊ ၀၉-၇၈၃၈၈၀၉၂၉
လဲကျရင် ပြန်ထမယ်ဆိုတဲ့ စိတ်လေးတစ်ခုပဲ မင်းတို့ရင်ထဲမှာ အမြစ်တွယ်နေဖို့ လိုတာပါ။

# ပလတ်စတစ်အသုံးပြုမှုများ လျှော့ချကြရန် ဝန်ကြီးချုပ်တိုက်တွန်းပြောကြား



မြစ်ကြီးနား၊ ဇွန် ၅

ပလတ်စတစ်သုံးစွဲမှုသည် လူသားများ၏ နေ့စဉ်လူမှုဘဝနေထိုင်မှုပုံစံ၌ ဩဇာကြီးမားသော လူသုံးပစ္စည်းဖြစ်သည့်အတွက် သုံးစွဲပြီးသောပလတ်စတစ်များကို တခြားနည်းဖြင့် ပြန်လည်အသုံးမပြုလျှင် အသုံးမပြုဘဲနေကြရန် ဇွန်လ ၅ ရက်နေ့က ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် "ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့"ဆိုသည့် အကြောင်းအရာကို အထူးအလေးပေး ဆွေးနွေးခဲ့ကြပြီး ယင်းပလတ်စတစ်သည် ကမ္ဘာပေါ်တွင်မရှိပါက လုပ်ငန်းလည်ပတ်မှုများ ရပ်တံ့သွားနိုင်သည့် အနေအထားကို ရောက်ရှိနေကြောင်းနှင့် ပလတ်စတစ်သည် တစ်ဖက်က အသုံးဝင်သလောက် တစ်ဖက်တွင် လူသားများကို ဆိုးကျိုးပေးနေသည်ကို တစ်နေ့တခြားတွေ့မြင်လာနေသည်ဟု ဆိုသည်။

"ပလတ်စတစ်ဟာ လူသားတွေရဲ့ ရင်သားကင်ဆာနဲ့ မျိုးပွားမှုနှုန်းကို တားဆီးစေတဲ့အတွက် အန္တရာယ်ရှိတဲ့အရာ ဖြစ်ပါတယ်။ လူသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်ပါတယ်။ အဲဒါကြောင့် အားလုံးက အလွန်အကျွံသုံးလာတဲ့အတွက် စွန့်ပစ်မှုကလည်း များပြားလာပါတယ်"ဟု ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

ပလတ်စတစ်တွင် ပါဝင်သည့် ဒြပ်ပေါင်းများ၏ ပျက်စီးမှုကြာမြင့်ချိန်သည် အခြားအရာဝတ္ထုများနှင့်မတူဘဲ မထင်မှတ်နိုင်အောင် နှစ် ၃၀ မှ နှစ် ၁၀၀၀ အထိ ကြာမြင့်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ပလတ်စတစ်သည် ရေ၌လည်းမပျော်ဝင်၊ မြေ၌လည်း မဆွေးမြေ့သည်သာမက လေတွင်လည်းအန္တရာယ်ရှိနေသည့်အတွက် လူသားများကို ထိခိုက်မှုအများဆုံးသော လူသားများတီထွင်ထားသည့် အရာဝတ္ထုဖြစ်နေသဖြင့် လူသားများအနေဖြင့် ပလတ်စတစ်ကို လျှော့ချသုံးစွဲနိုင်ရန်ရည်ရွယ်ကာ အခမ်းအနားပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေထဲမှာ ပလတ်စတစ်များ စွန့်ပစ်မှုကြောင့်နှင့် ငါးဖမ်းပိုက်ကွန်တွေကလည်း ပင်လယ်ထဲကို ရေစီးနဲ့အတူ မြောပါလာပြီးရေနေသတ္တဝါများကို ဒုက္ခရောက်စေပါတယ်။ ကုန်းပေါ်မှာဆိုရင် ရေချိုတွေပျက်စီးမှုနဲ့ ရေချိုနေသတ္တဝါတွေ ဒုက္ခရောက်ရပါတယ်။သောက်သုံးရေပျက်စီးမှုဖြစ်စေတယ်"ဟု ဦးအောင်ကျော်မိုးက ဆက်လက်ပြောကြားခဲ့သည်။

ပလတ်စတစ်သည် လူသားများအတွက် အသုံးဝင်သော်လည်း ကမ္ဘာမြေအတွက် အန္တရာယ်ဖြစ်စေသည့် ပစ္စည်းဖြစ်သောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင် အသုံးချခြင်းတို့ဖြင့် တဖြည်းဖြည်းအသုံးချမှုကို လျှော့ချပြီး အသုံးမပြုသည့်အထိ ဆောင်ရွက်သွားရန် လုပ်ဆောင်နေကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့သို့ နှစ်ကြာရှည်ပျက်စီးပြီးနောက် ပြန်လည်ထွက်ရှိလာသော အပိုင်းအစများသည် ရေထု၊မြေထု၊လေထုများကိုလည်း ပျက်စီးစေသည်သာမက ရေနေ၊ ကုန်းနေ သတ္တဝါများကို အန္တရာယ်ဖြစ်စေသည့်အတွက်ရှေးယခင်ကတိုင်းရင်းသားများ သုံးစွဲခဲ့ကြသည့် ဆွေးမြေ့လွယ်သော ထုတ်ပိုးမှုများကို သုံးစွဲသင့်သည်ဟုလည်း ဆိုသည်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီကနေ့ကစပြီး ပလတ်စတစ်ပစ္စည်းများကို နောက်ထပ်တစ်ကြိမ် ပြန်အသုံးမပြုနိုင်ဘူးဆိုရင်တော့ မယူကြောင်း၊ မလိုအပ်ကြောင်းပြောကြားပြီးငြင်းပယ်ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟုကချင်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာခက်အောင်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံမှာပတ်ဝန်းကျင်ကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ကမ္ဘာလုံးပါဝင်နိုင်ရန် ရည်ရွယ်ပြီး ၁၉၇၂ ခုနှစ်ကစတင်ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလူ့ပတ်ဝန်းကျင်ညီလာခံတွင် နှစ်စဉ်ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ကာ ပြုလုပ်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် အထက်တန်းအဆင့် စာစီစာကုံးဆုနှင့် ပန်းချီဆုရရှိသူ စုစုပေါင်း ၆ ဦးနှင့် အလယ်တန်းအဆင့်စာစီစာကုံးဆုနှင့် ပန်းချီဆုရရှိသူစုစုပေါင်း ၈ ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ခြင်းနှင့် ပလတ်စတစ်ကို အခြားနည်းဖြင့် ပြန်လည်အသုံးပြုသူများကိုလည်း ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို အိန္ဒိယနိုင်ငံတွင် ပြုလုပ်ကျင်းပနေပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင်လည်း ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြစ်ကြီးနားမြို့တွင် ဇွန်လ ၅ ရက်နေ့က မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

မွန်းမွန်းပန်

# မျိုးဆက်သစ်ဝါသနာရှင်များ မွေးထုတ်မည့် ပထမဆုံးအကြိမ် သရုပ်ဆောင်ပြိုင်ပွဲ




မြစ်ကြီးနား၊ ဇွန် ၄

ကချင်ပြည်နယ်တွင် မျိုးဆက်သစ်အနုပညာဝါသနာရှင်များကို ရွေးချယ်သွားမည့် ပထမဆုံးအကြိမ် သရုပ်ဆောင်ပြိုင်ပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအနုပညာပြိုင်ပွဲကျင်းပရခြင်းမှာ အနုပညာကို အမှန်တကယ် ဝါသနာပါသော ပြည်နယ်အတွင်းမှ လူငယ်များကို လက်တွဲခေါ်ဆောင်သည့်အနေဖြင့်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရပြီး တစ်နှစ်လျှင် တစ်ကြိမ်နှစ်စဉ်ကျင်းပသွားမည်ဟု တာဝန်ခံဒါရိုက်တာ လယော်ဟောင်ဇယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကိုယ့်ရဲ့ပြည်နယ်မှာက တကယ်ပဲ အနုပညာဝါသနာပါတဲ့ အနုပညာရှင်တွေ အများကြီးရှိနေတယ်။ လတ်တလောမှာ ကချင်(ဇာတ်ကား)ဈေးကွက်က ရိုက်တဲ့ဇာတ်ကားတိုင်းရှုံးတယ်။ ဒါကြောင့်မို့ ပိုက်ဆံရှိတဲ့သူတွေပဲ ဇာတ်ကားရိုက်နိုင်တယ်။ ပိုက်ဆံရှိတဲ့သူတောင်မှ တစ်ကားနှစ်ကားလောက်ပဲ ရိုက်နိုင်တယ်။ အများကြီး မရိုက်နိုင်ဘူး။ အဲဒါတွေကိုလည်း အင်တိုက်အားတိုက် ထိုးဖောက်ဖို့အတွက် ကြိုးစားတဲ့အနေနဲ့ ဒီပွဲကို လုပ်ဖြစ်တာပါ"ဟု ဒါရိုက်တာလယော်ဟောင်ဇယ်က ပြောသည်။

ထိုအနုပညာသရုပ်ဆောင်ပြိုင်ပွဲကို ဇွန်လ ၁၆ ရက်တွင် မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ ရွေးချယ်ခံရသည့်ဝါသနာရှင်များအနေဖြင့် ဝါရင့်အနုပညာရှင်များနှင့် တွဲဖက်သရုပ်ဆောင်ခွင့်ရမည်ဖြစ်ကြောင်း ဒါရိုက်တာကပြောသည်။

"ကဏ္ဍအလိုက်ကို ရွေးမယ်။ ပြီးရင် သူတို့ကို ကျွန်တော်ကိုယ်တိုင်က Train ပြီးတာနဲ့ ကျွန်တော်တို့ ရုပ်ရှင်ထုတ်လုပ်ရေးက မင်းသားတွေနဲ့ တွဲပေးသွားမယ်။ ဇာတ်ကားရိုက်တဲ့အခါမှာလည်း မြန်မာကားမှာလည်း ဇာတ်ပို့တွေ၊ ဥပမာ ဒီကမင်းသားပါပြီဆိုရင် ဟိုကမင်းသမီးပေါ့။ ဟိုကမင်းသမီးပါပြီဆိုရင် ဒီကမင်းသားပေါ့။ မြန်မာနိုင်ငံအတိုင်းအတာနဲ့တွဲဖက်ပြီးတော့ ကျွန်တော်တို့ လှုပ်ရှားမှုလေးတွေ လုပ်သွားမယ်"ဟု ဒါရိုက်တာလယော်ဟောင်ဇယ်က ပြောသည်။

ထိုပြိုင်ပွဲတွင် မင်းသား/မင်းသမီးနှစ်ယောက်၊ ဇာတ်ပို့နှစ်ယောက်၊ဟာသဇာတ်ပို့ ၁၀ ယောက်တို့ကို အသက်အရွယ်ကန့်သတ်ချက်မထားဘဲ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ဆောင်ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် Zခမ်းစိန်၊ ရန်ကုန်မြို့မှ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ စောထွန်းထွန်း၊ ဝါရင့်ကချင်အနုပညာရှင် အမျိုးသမီးတစ်ဦးနှင့် ဒါရိုက်တာ လယော်ဟောင်ဇယ်တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)